# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၁၃) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ရွေးကောက်တင်မြှောက်ခံရသူ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃ ဦးတို့ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | စက်မှုဝန်ကြီးဌာနနှင့်ဇွန်ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုခဲ့သော စာချုပ်ကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ/မရှိနှင့် ဖက်စပ်လုပ်ကိုင်ပြီးနောက် နိုင်ငံတော်မှ နှစ်အလိုက်ရရှိသော အကျိုးအမြတ်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ချေးပေးသည့်ချေးငွေအား ပွင့်လင်းမြင်သာ လွယ်ကူစွာ ချေးယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | လဟယ်မြို့နယ် အခြေခံပညာကျောင်းများတွင် ပဲနို့အာဟာရတိုက်ကျွေးခြင်းသည် မြို့ပေါ်ရှိ ကျောင်းသူကျောင်းသားများအတွက် အမှန်တကယ်အကျိုးရှိသည်ဆိုပါက ကျေးရွာများအထိ တိုးချဲ့လုပ်ဆောင်သွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၁၇ |
| ၉ | ဆီဆိုင်မြို့နယ်၊ နောင်လတ်အခြေခံပညာမူလတန်းကျောင်းအား (၂၀၁၈-၂၀၁၉) ပညာသင်နှစ်တွင် အ.လ.က(ခွဲ)သို့ တိုးမြှင့်ပေးပါရန်၊ လိုအပ်လျက်ရှိသော ကျောင်းဆောင်(၁)ဆောင်အား ချထားပေးပါရန် နှင့် ရေဖြူ(ထီဗွာ) အခြေခံပညာမူလတန်းလွန်ကျောင်းအား (၂၀၁၈-၂၀၁၉)ပညာသင်နှစ်တွင် အ.လ.က(ခွဲ)သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၀ | တောင်ကုတ်မြို့နယ်၊ ကမ်းဒေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား ကျောင်းအဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |

| | | |
|---|---|---|
| ၁၁ | ကျွန်းစုမြို့နယ်အတွင်းရှိ ကျောင်း(၂)ကျောင်းအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ လာသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံး အဖြတ်ရယူခြင်း | ၂၇ |
| ၁၃ | ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်က တင်သွင်းသည့် ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ် ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၄ |
| ၁၄ | ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၅၁ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၅၄ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး**

**(၁၃)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၇–၁၁–၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်ဟန်ထွန်း၊ ဘုတလင် မဲဆန္ဒနယ်၏ **စက်မှုဝန်ကြီးဌာနနှင့် ဖွန်ဆေးဝါးနှင့် စားသောက်ကုန် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုခဲ့သော စာချုပ်ကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ၊ မရှိနှင့် ဖက်စပ်လုပ်ကိုင်ပြီးနောက် နိုင်ငံတော်မှ နှစ်အလိုက်ရရှိသော အကျိုးအမြတ်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ချေးပေးသည့် ချေးငွေအား ပွင့်လင်းမြင်သာ လွယ်ကူစွာ ချေးယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၏ **လဟယ်မြို့နယ် အခြေခံပညာကျောင်းများတွင် ပဲနို့အာဟာရတိုက်ကျွေးခြင်းသည် မြို့ပေါ်ရှိကျောင်းသူ၊ ကျောင်းသားများအတွက် အမှန်တကယ် အကျိုးရှိသည်ဆိုပါက ကျေးရွာများအထိ တိုးချဲ့လုပ်ဆောင်သွားရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၊ နောင်လတ်အခြေခံပညာမူလတန်း ကျောင်းအား (၂၀၁၈–၂၀၁၉) ပညာသင်နှစ်တွင် အ.လ.က(ခွဲ)သို့ တိုးမြှင့်ပေးပါရန်၊ လိုအပ်လျက်ရှိသောကျောင်းဆောင်(၁)ဆောင်အား ချထားပေးပါရန်နှင့် ရေဖြူ(ထိဗွာ) အခြေခံပညာမူလတန်းလွန် ကျောင်းအား (၂၀၁၈–၂၀၁၉) ပညာသင်နှစ်တွင် အ.လ.က(ခွဲ)သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ ကမ်းဒေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ကျောင်းအဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်အတွင်းရှိ ကျောင်း (၂)ကျောင်းအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်က တင်သွင်းသည့် **“ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ် ထုတ်ဝေရန် ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၊

(ခ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၊

(ဃ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(င) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

(စ) ဒုတိယဗိုလ်မှူးကြီးကျော်မင်းလှိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဆ) ဦးသာချို၊ ရေနံချောင်း မဲဆန္ဒနယ်၊

(ဇ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဈ) ဒေါ်ဝင့်ဝါထွန်း၊ ရွာသော မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
## (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ရွေးကောက်တင်မြှောက်ခံရသူ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦးတို့ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် ရက်စွဲပါကြေညာချက်အမှတ်(၂၉/၂၀၁၇)အရ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး အစားထိုးပြောင်းလဲထားတာ ရှိပါတယ်။ ဒါကြောင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦးအနေနဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြရမှာ ဖြစ်ပါတယ်။ ယခုကတိသစ္စာပြုရမယ့် လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့စားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်

မူကြမ်း

ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃ ဦးတို့က လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ ကတိသစ္စာပြုတဲ့အခါ ကွက်လပ်နေရာမှာ မိမိတို့ရဲ့နာမည်ကို ထည့်သွင်းရွတ်ဆိုရမှာဖြစ်ပါတယ်။ အစည်းအဝေးခန်းမ အတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး၏ ကတိသစ္စာပြုချက်-

**[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃ ဦးက ကတိသစ္စာပြုပါသည်။]**

"ကျွန်ုပ် --------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများ ကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့် သိရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ကတိသစ္စာပြုပြီးတဲ့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး တို့က ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသား၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံ ကြရန်ဖြစ်ပါတယ်။ ယခု မိမိတို့အတွက် သတ်မှတ်ထားတဲ့နေရာသို့ ပြန်လည်နေရာယူကြရန်ဖြစ်ပါ တယ်။

[ကတိသစ္စာပြုသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး၏ အမည်စာရင်း အား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။]

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၈၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးစိန်ဗိုလ်၊ မြဝတီမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊
(၂) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၁ ရက်၊
(၃) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊
(၄) ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် ခွင့် ၁ ရက်၊
(၅) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်၊
(၆) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၇) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊
(၈) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊
(၉) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၁၀) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊
(၁၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စိုးစိုးမြင့် ခွင့် ရက်၊
(၁၂) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၁၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊
(၁၄) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊
(၁၅) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊
(၁၆) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊
(၁၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၁၈) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၁၉) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊
(၂၀) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၂၁) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၂၂) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ခွင့် ၁ ရက်နှင့်
(၂၃) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**စက်မှုဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးမှုဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုခဲ့သော စာချုပ်ကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ/မရှိနှင့် ဖက်စပ်လုပ်ကိုင်ပြီးနောက် နိုင်ငံတော်မှ နှစ်အလိုက်ရရှိသော အကျိုးအမြတ်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဟန်ထွန်း(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတွင်သာမက ကမ္ဘာမှာပါ ရှားပါးမျိုးစိတ်တစ်ခုဖြစ်တဲ့ စပီရူလိုင်းနားလို့ခေါ်တဲ့ စိမ်းပြာရေညှိကို သဘာဝအတိုင်း ထွက်ရှိနေတဲ့ အင်းလေးခုက ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိပါတယ်။ ဒီအင်းလေးခုကတော့ ဘုတလင်မြို့နယ် တွင်းတောင်အင်း၊ စစ်ကိုင်းမြို့နယ် ရေခါးအင်း၊ ကနီမြို့နယ်မှာ တောင်ပျောက်အင်းနဲ့ တွင်းမအင်းတို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိမ်းပြာရေညှိကို ၁၉၈၄ ခုနှစ်မှာ စတင်တွေ့ရှိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ စိမ်းပြာရေညှိထုတ်လုပ်ရေးကို အကောင်အထည်ဖော်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှာ ပရိုဇီမင်အားဆေးကို အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ တာဝန်ယူထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာတော့ အဏုဇီဝဆေးဝါးစက်ရုံကိုတည်ထောင်ပြီး စိမ်းပြာရေညှိကိုအခြေခံတဲ့ လူသုံးကုန် ပစ္စည်းတွေအထိ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်အထိ နှစ်စဉ်ရေညှိတန်ချိန် တန် ၁၀၀ ကျော်ထိ ထုတ်ယူရရှိခဲ့တယ်လို့ ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းတွေရဲ့အခြေအနေကို တင်ပြနိုင်ရန် Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ဒီဘက်ကအောက်ကဟာတွေက ကျွန်တော်တို့ဘုတလင်မြို့နယ်က တွင်းတောင်အင်းပါ။ အပေါ်က ချင်းတွင်းမြစ်ရဲ့ဟိုဘက်မှာရှိနေတဲ့ အပေါ်ဘက်မှာရှိနေတာ တောင်ပျောက်အင်းရယ်၊ တွင်းမအင်းရယ်၊ ဟိုဘက်က လယ်ရှည်တွင်းရယ်။ ဒီတွင်းလေး လေးခု။ ဒါက တွင်းတော်အင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဘုတလင်မြို့နယ်မှာရှိပါတယ်။ အင်းရဲ့ဧရိယာ ကတော့ ဧက ၂၀၀ ရှိပါတယ်။ အင်းရဲ့ဒီဘက်မှာရှိနေတဲ့စက်ရုံနဲ့ ဒီဘက်မှာ Artificial Culture နဲ့ ရေညှိမွေးမြူထုတ်လုပ်တဲ့သူ့ရဲ့ကန်ဧရိယာကတော့ ငါးဧကခန့်ရှိပါတယ်။ ဒါက Artificial Culture နဲ့ ရေညှိမွေးမြူတဲ့ကန်တွေပါ။ ဒါတွေက တစ်ချိန်ကတော့ အမှန်တကယ် run ပြီးတော့ကျတော့ ရေညှိထုတ်လုပ်နေတာပါ။ ဒီနေ့ချိန်ခါမှာတော့ ဒီလိုပဲပစ်စလက်ခက်နဲ့ဖြစ်နေတဲ့အနေအထားပါ။ ဒါက ရေညှိက လူကြီးတွေလာမယ်လုပ်ရင် မွေးပြလိုက်။ လူကြီးတွေပြန်ရင် ပစ်ထားလိုက်။ အဲဒီမှာ သေနေတဲ့ရေညှိပင်တွေရဲ့အနေအထားပါ။ တကယ်တမ်းဒါလေးတွေက စိမ်းမှောင်ပြီးတော့ ရှင်သန်နေရမယ့် အနေအထား။ ဒါပျက်စီးနေတဲ့ စက်အပိုင်းအစတွေပါ။ ဒါကတော့ ကနီမြို့နယ်မှာရှိနေတဲ့ တောင်ပျောက်အင်းပါ။ အင်းရဲ့ဧရိယာကတော့ ၇၅ ဧကလောက်ရှိပါတယ်။ သူကတော့ ရေညှိထွက်ရှိမှု နည်းပါတယ်။ ဒါက တောင်ပျောက်အင်းထဲမှာရှိနေတဲ့ သူရဲ့ Culture ကန်တွေပါ။ ဒါက စစ်ကိုင်း မြို့နယ်မှာရှိနေတဲ့ ရေခါးအင်းပါ။ အင်းရဲ့ဒီဘက်မှာရှိနေတဲ့ စက်ရုံရဲ့ ဒီအောက်ဘက်မှာရှိနေတဲ့ အစိမ်းရောင်အကွက်

လေးကတော့ သူ့ရဲ့ Culture ကန်တွေဖြစ်ပါတယ်။ ရေခါးအင်းကတော့ အင်းချည်းပဲသီးသန့်က ၁၂၅ ဧကလောက်ရှိပါတယ်။ သူ့ရဲ့ဒီ Culture ကန်က ၁၀ ဧကလောက်ရှိပါတယ်။ အဲဒါအပြင် စက်ရုံဝင်းရော၊ ဒီထဲမှာတခြားစိုက်စရာ၊ ရှားစောင်းလက်ပက်စိုက်စရာ တခြား မြေဧရိယာကိုက ဧက ၃၀၀ လောက်ရှိပါသေးတယ်။ ဒါက ကနီမြို့နယ်မှာရှိနေတဲ့ တွင်းမအင်းပါ။ ဒီအင်းကတော့ အင်းရဲ့ဧရိယာက ဧက ၁၅၀ လောက်ရှိပါတယ်။ ဒီဘက်မှာ သူ့ရဲ့ Culture ကန် ဧရိယာကတော့ လေးဧကခန့်လောက်ရှိပါတယ်။ ဒါတွေက တကယ့်အဖိုးတန်တွေပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်မှာ ဝန်ကြီးဌာနကနေပြီး ဇွန်ကုမ္ပဏီနဲ့ ဒီအင်းတွေကို ဖက်စပ်လုပ်ကိုင်ခဲ့တယ်လို့ သိရှိရပါတယ်။ ဖက်စပ်လုပ်ပြီးတစ်နှစ်အတွင်းမှာပဲ အင်းသုံးခုရဲ့ ရေညှိထုတ်လုပ်မှုက ရပ်ဆိုင်းခဲ့ရပါတယ်။ အင်းတွေက ရေညှိမထွက်တော့သလို မွေးကန်တွေထဲမှာလည်း မွေးမြူထုတ်လုပ်ခြင်းမရှိတော့ပါဘူး။ မဆိုသလောက်ဆိုသရွေ့တော့ အနည်းငယ်တော့ထုတ်လုပ်မှုတော့ ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဒေသမှာ တကယ့်ရှားပါးတဲ့ တွင်းပိုးလို့ခေါ်တဲ့ ဇီဝမျိုးစိတ်လို့ခေါ်တဲ့ စိမ်းပြာရေညှိနဲ့အတူ ပျောက်ကွယ်သွားခဲ့ပါပြီ။ ယခင်က တစ်နှစ်လျှင် တွင်းပိုးက တင်း ၂၀၀ လောက်ရရှိပါတယ်။ တွင်းပိုးတစ်တင်းက တစ်သိန်းလောက်တန်ဖိုးရှိပါတယ်။ ဒေသခံပြည်သူတွေအတွက်ကတော့ တွင်းပိုးထုတ်လုပ်ခြင်းကိုက စီးပွားရေးအဆင်ပြေခဲ့ကြပါတယ်။ ဒီတွင်းတောင်စက်ရုံမှာဆိုရင် ဝန်ကြီးဌာန အရင်လည်ပတ်နေစဉ်က စက်ရုံလုပ်သား ၂၀၀ ခန့်လောက်ရှိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းလည်း များစွာရရှိခဲ့ပါတယ်။ ဒီနေ့တော့ ဒီတွင်းတောင်မှာ လုပ်သား ငါးယောက်လောက်နဲ့ပဲ လည်ပတ်နေတာ တွေ့ရပါတယ်။ နိုင်ငံတော်အတွက် အကျိုးမည်၍မည်မျှရသည်ကိုတော့ မသိရပေမဲ့ ကမ္ဘာဦးရှားပါး သဘာဝအမွေအနှစ်တစ်ခုကတော့ မျိုးသုဉ်းပျောက်ကွယ်တော့ပါမယ်။ ဒါ့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကိုမျှော်ကိုးပြီး အထက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်ခင်ဗျား။ ယခုအစည်းအဝေးမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်းရဲ့ စက်မှုဝန်ကြီးဌာနနှင့် ဇွန်ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ချုပ်ဆိုခဲ့သောစာချုပ်ကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ/မရှိနှင့် ဖက်စပ်လုပ်ကိုင်ပြီးနောက် နိုင်ငံတော်မှနှစ်အလိုက်ရရှိသော အကျိုးအမြတ်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနကနေ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းတင်ပြခွင့်ပြုပါ။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းရှိ အမှတ်(၃)ဆေးဝါးစက်ရုံ(စစ်ကိုင်း)ကို နိုင်ငံတော်သမ္မတရုံးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ရဲ့ ခွင့်ပြုချက်နဲ့ မြန်မာ့စီးပွားရေးလုပ်ငန်းနှင့် ဇွန်ဆေးဝါးလီမိတက်တို့ ပူးပေါင်းပြီး စစ်ကိုင်းဇွန်ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်အမည်ဖြင့် ဖက်စပ်ကုမ္ပဏီကိုတည်ထောင်ခဲ့ပါတယ်။ ဖက်စပ်ကုမ္ပဏီကိုတည်ထောင်ရာမှာ မြန်မာ့စီးပွားလုပ်ငန်းမှ ၈၀ ရာခိုင်နှုန်း၊ ဇွန်ဆေးဝါးလီမိတက်မှ ၂၀ ရာခိုင်နှုန်းနှင့် ၁-၄-၂၀၁၂ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ်စာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ စာချုပ်မူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ရဲ့ အကြံပြုသဘောထားမှတ်ချက်များအတိုင်း ချုပ်ဆိုထားခဲ့ခြင်းဖြစ်ပါတယ်။ ဒီစာချုပ်အရ စက်မှုဝန်ကြီးဌာန မြန်မာ့စီးပွားရေးလုပ်ငန်းက ၈၀ ရာခိုင်နှုန်းဖြစ်တဲ့ မတည်ရင်းနှီးငွေကို ပြင်ပစက်ရုံ ဆက်စပ်ဧရိယာနှင့် စိမ်းပြာရေညှိစခန်းလေးခု (အင်း ၄ အင်းမပါ)တို့ကို ၁-၄-၂၀၁၂ ရက်နေ့တွင် Fixed Assets Transfer တန်ဖိုးအရ မြေ၊ အဆောက်အဦ၊ စက်နဲ့စက်ပစ္စည်း၊ ယာဉ်၊ ရုံးသုံးနှင့် အခြားပုံသေပိုင်ပစ္စည်းစုစုပေါင်းတန်ဖိုးငွေ ၆၇၄၈ ကျပ်သန်းပါဝင်ခဲ့ပါတယ်။ ဇွန်ဆေးဝါးလီမိတက်က ၂၀ ရာခိုင်နှုန်းဖြစ်တဲ့ မတည်ရင်းနှီးငွေ ၁၆၈၇ ကျပ်သန်းကို အဆောက်အဦ၊ ယာဉ်၊ စက်ပစ္စည်းများတိုးချဲ့ပြင်ဆင်ခြင်း၊ လည်ပတ်ငွေရင်းအတွက် ငွေသားတို့ကို ထည့်ဝင်ထားရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် အင်းလေးအင်းဖြစ်တဲ့ ရေခါးအင်း ၁၂၅ ဧကကို တစ်နှစ်ငှားရမ်းခငွေကျပ် ၃ သိန်းဖြင့်လည်းကောင်း၊ တွင်းတောင်အင်း ၂၀၀ ဧကကို တစ်နှစ်ငှားရမ်းခငွေကျပ် ၅ သိန်းဖြင့်လည်းကောင်း၊ တောင်ပျောက်အင်း ၇၅ ဧကကို တစ်နှစ်ငှားရမ်းခငွေကျပ် ၁ သိန်းဖြင့်လည်းကောင်း၊ တွင်းမအင်း ၁၅၀ ဧကကို တစ်နှစ်ငှားရမ်းခငွေကျပ် ၁ သိန်းဖြင့်လည်းကောင်း ဇွန်ဆေးဝါးလီမိတက်သို့ သီးခြားစာချုပ်ချုပ်ဆို ငှားရမ်းခဲ့ပါတယ်။ စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၈/၂၀၁၄-၂၀၁၅)ရဲ့ သဘောတူခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၁ ရက်နေ့တွင် ဆေးဝါးစက်ရုံမှာ ကျန်ရှိတဲ့ မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ရေညှိခြောက် ၆၉၀.၇၂၀ တန်ကို တစ်တန်လျှင် ငွေ ၁၁၇၇၂၇၈.၇၄ ကျပ်နှုန်းနဲ့ စုစုပေါင်းငွေ ၈၁၃.၁၇၀ ကျပ်သန်းနဲ့ ဖက်စပ်ကုမ္ပဏီသို့ စာချုပ် ချုပ်ဆိုလွှဲပြောင်းရောင်းချခဲ့ပါတယ်။ ရေညှိခြောက်များအတွက် ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ငွေ ၁၂၈.၉၈၀ ကျပ်သန်းပေးချေခဲ့ပြီးဖြစ်ပါတယ်။ ကျန် ၆၈၄.၁၉၀ ကျပ်သန်းကို ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း အကျေပေးချေရန် စာချုပ်မှာ ထည့်သွင်းချုပ်ဆိုထားရှိခဲ့ပါတယ်။

အမှတ်(၃)ဆေးဝါးစက်ရုံ(စစ်ကိုင်း)ကို ဖက်စပ်လုပ်ကိုင်ပြီးနောက် နိုင်ငံတော်က နှစ်အလိုက်ရရှိသောအကျိုးအမြတ်မှာ ဖက်စပ်ကုမ္ပဏီအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငွေ ၃.၆၉၃ ကျပ်သန်းရရှိခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဂေဟာစနစ်ပျက်ပွင်းသွား၍ စိမ်းပြာရေညှိအထွက်နှုန်းကျဆင်းခဲ့သည့်အတွက် ၂၄၅.၅၉၆ ကျပ်သန်းအရှုံးပေါ်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ၂၃.၁၂၅ ကျပ်သန်းအမြတ်ရရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာအမြတ်ငွေအနေနဲ့ ၂၆၀.၃၇၁၉ ကျပ်သန်းအထိ ရရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာတော့ ၂၃၈.၃၂၆ ကျပ်သန်းအထိ ရရှိခဲ့ပါတယ်။ ဌာနအနေနဲ့ အကျိုးအမြတ်ရရှိမှုအပေါ် မူတည်ပြီး အမြတ်ခွဲဝေရရှိမှုဟာ ၂၀၁၂-၂၀၁၃

ဘဏ္ဍာနှစ်မှာ ၂.၉၅၄ ကျပ်သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာမှာ သုံးနှစ်စာစုစုပေါင်းငွေ ၃၀.၅၉၉ ကျပ်သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာငွေ ၁၈၀.၆၉၈ ကျပ်သန်း စုစုပေါင်းငွေ ၂၁၄.၂၅၁ ကျပ်သန်း အမြတ်ခွဲဝေရရှိခဲ့ပါတယ်။ တွင်းတောင်အင်းမှ စပီရူလိုင်းနားရေညှိများကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ စတင်ပြီးတော့ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ စဉ်ဆက်မပြတ်စီးပွားဖြစ် Commercial Scale အရ ထုတ်လုပ်နိုင်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်၊ ရာသီချိန်ဖြစ်တဲ့ ဖေဖော်ဝါရီလမှ ဧပြီလအတွင်းမှာ အင်းအတွင်းသို့ ရေချိုများဝင်ရောက်ခဲ့သဖြင့် pH Level ကျဆင်းခြင်းနှင့် မျိုးပွားနှုန်းမြန်ဆန်သော တီလားဘီးယားငါးများ ဝင်ရောက်ပေါက်ဖွားပြီး စားသုံးကြခြင်းတို့ကြောင့် ဂေဟစနစ်ပျက်ယွင်းကာ စိမ်းပြာရေညှိအထွက်နှုန်းကျဆင်းခဲ့ပြီး ထုတ်လုပ်နိုင်မှုမရှိတဲ့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဖက်စပ်ကုမ္ပဏီအနေနဲ့ ငွေ ၂၄၅၄.၅၉၆ ကျပ်သန်း အရှုံးပေါ်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေး-ဘုတလင်မြစ်ရေတင်စီမံကိန်းအရ ရေပေးမြောင်းကို အင်းရဲ့အထက်ပိုင်းမှာ တည်ဆောက်ခဲ့ရာတွင် ၎င်းမြစ်ရေတင်ရေမြောင်းများ အင်းအတွင်းသို့စိမ့်ဝင်ခဲ့ပြီး တွင်းတောင်အင်းရဲ့ PH Level ကျဆင်းလာခြင်းနှင့် ကာဗွန်နိတ်နှင့် ဘိုင်ကာဗွန်နိတ်အမျိုးအစားများ ပြောင်းလဲခဲ့ပြီး စိမ်းပြာရေညှိများ ရှင်သန်ပွားများနိုင်တဲ့အခြေအနေ မရှိတော့သဖြင့် စိမ်းပြာရေညှိပေါက်ဖွားမှုနှုန်း နည်းပါးလာပြီး အထွက်နှုန်းများ ကျဆင်းခဲ့ခြင်း ဖြစ်ပါတယ်။

ဖက်စပ်ကုမ္ပဏီအနေနဲ့ စိမ်းပြာရေညှိအထွက်နှုန်းကျဆင်းလာခြင်းအား ကုစားနိုင်ရန်အတွက် တွင်းတောင်အင်းအတွင်း ဂေဟစနစ်ပြောင်းလဲခြင်းကြောင့် သဘာဝပျက်စီးတဲ့အခြေအနေများကို ထိန်းသိမ်းရန် စိမ်းပြာရေညှိရေရှည်ထုတ်လုပ်နိုင်ရန်၊ မျိုးထိန်းစောင့်ရှောက်နိုင်ရန်တို့အတွက် Artificial Culture အုတ်ကန်များဖြင့် တွင်းတောင်အင်းမှာ တစ်ကန်လျှင် ၀.၁၂၅ ဧကရှိ မျိုးထိန်းကန် ၆၄ ကန် စုစုပေါင်း ရှစ်ဧကကို အင်းရေထည့်သွင်းကာ စိမ်းပြာရေညှိပင်များနှစ်သက်သော PH, Temperature, Salinity, Nutrients များဖန်တီးပေးပြီး အပင်ပွားများရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

တွင်းတောင်အင်းရဲ့ဂေဟစနစ်ပျက်ယွင်းပြီး အထွက်နှုန်းကျဆင်းခဲ့သော်လည်း စိမ်းပြာရေညှိအထွက်တိုးရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဖက်စပ်လုပ်ကိုင်ခဲ့တဲ့ငါးနှစ်အတွင်း စိမ်းပြာရေညှိတိုးတက်ရရှိလာမှုမှာ Artificial Culture နည်းဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ၁၆.၆၂၈ တန်၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ၄၇.၃၆၈ တန်၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၅၄.၄၄၀ တန်၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၅၃.၅၉၉ တန်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၃၆.၃၇ တန် စုစုပေါင်း ၂၈၀.၄၁ တန် ထွက်ရှိခဲ့ပါတယ်။

သဘာဝနည်းအားဖြင့် စိမ်းပြာရေညှိရရှိမှုအနေနဲ့ကတော့ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ၃၄.၁၆၄ တန်၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ၁၇.၉၀၈ တန်၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၁၇.၃၄၅ တန်၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၃၅.၀၄၂ တန်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၃၀.၅၉၃ တန် စုစုပေါင်း ၁၃၅.၀၅၂ တန် ထိ ရရှိခဲ့ပါတယ်။

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းအမှတ်(၃)ဆေးဝါးစက်ရုံ(စစ်ကိုင်း)ကို ၂၀၁၂ ခုနှစ်မှစတင်ပြီး စစ်ကိုင်းဇွန်ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်အနေနဲ့ စာချုပ်ကို မူကြမ်း

သက်ဆိုင်ရာဌာနများရဲ့အကြံပြုချက်၊ သဘောထားမှတ်ချက်များအတိုင်း ပြင်ဆင်ချုပ်ဆိုခဲ့ပြီး စိမ်းပြာရေညှိခြောက်များ၏တန်ဖိုးကို သတ်မှတ်ကာလအတွင်း အကျေပေးချေရန် စာချုပ်တွင်ထည့်သွင်းချုပ်ဆိုခဲ့ပါတယ်။ ဖက်စပ်လုပ်ကိုင်ခဲ့တဲ့ငါးနှစ်အတွင်း စက်မှုဝန်ကြီးဌာနအနေနဲ့ အမြတ်ငွေစုစုပေါင်း ၂၁၄.၂၅၂ ကျပ်သန်းရရှိပြီးဖြစ်ပါကြောင်းနှင့် လက်ရှိမှာစိမ်းပြာရေညှိထုတ်လုပ်မှုကို အသုံးပြုပြီး ထုတ်ကုန်များ ၂၆ မျိုး ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း ထပ်မံ၍လည်း စိမ်းပြာရေညှိကုန်ကြမ်းပစ္စည်းအမယ်သစ်များ၊ ဆေးဝါးသစ်များကို သုတေသနပြုဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်ဟန်ထွန်း(ဘုတလင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါခင်ဗျား။ အခုလိုဝန်ကြီးအနေဖြင့် ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒီဟာကို Artificial Culture နည်းနဲ့ နှစ်စဉ်ထုတ်ယူနေတယ်ဆိုတာကို ဒါကိုလည်းသိရတဲ့အတွက် ဒါလည်းဝမ်းသာပါတယ်။ ဒါပေမဲ့ အဲဒီ Artificial Culture နဲ့ထုတ်တာကလည်း ကျွန်တော်တို့တွင်းတောင်အင်းမှာတော့ မရှိပါဘူး။ ဒါဟာ ရေခါးမှာထုတ်ယူနေတာပဲဖြစ်ပါတယ်။ တွင်းတောင်အင်းမှာ Artificial Culture နဲ့ထုတ်နေတာမရှိပါဘူး။ ဒါပေမဲ့ လူကြီးတွေလာတယ်ဆိုရင်တော့ ခုနက ကျွန်တော်ပုံထဲမှာပြသလို နမူနာလေးထုတ်ပြတယ်။ ထုတ်ပြပြီးရင် ပြီးရင် ဒါဟာ ပြန်ပြီးတော့ ဒုံရင်းအတိုင်းပဲဖြစ်သွားပါတယ်။ အဲဒီကျန်တဲ့အင်းသုံးခုဖြစ်တဲ့ တွင်းမမှာအနည်းငယ်ထုတ်လုပ်တာရှိပါတယ်။ တောင်ပျောက်မှာလည်းမရှိသလောက်ပါပဲ။ မြေသားကန်တွေကတော့ ရေမြုပ်သွားတယ်ဆိုတာလည်းမှန်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အခုတွင်းတွေရဲ့ငှားခဟာ တွင်းလေးတွင်းပေါင်းမှာ စုစုပေါင်းဧက ၅၀၀ လောက်ရှိပါတယ်။ အဲဒါမှာ ကျွန်တော်အခုကြားလိုက်တာက နားကြားတော့မများဘူးထင်ပါတယ်။ တစ်နှစ်ကို ၁၀ သိန်းပဲငှားခရပြီးတော့ ဧက ၅၀၀ ကို တစ်နှစ်မှာ ၁၀ သိန်းဆိုတာဟာ သိပ်ပြီးတော့နည်းလွန်းတယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ဘက်မှာရှိနေတဲ့ ရိုးရိုးသာမန်မြေတစ်ကွက်ငှားခတောင်မှ တစ်နှစ်ကို ခြောက်သိန်း၊ ခုနစ်သိန်းပေးပြီးတော့ မြေတစ်ဧကငှားခလောက်ရှိပါတယ်။ အခု ဧက ၅၀၀ မှာ တစ်နှစ်ကို ၁၀ သိန်းနှုန်းနဲ့ငှားနေတယ်ဆိုတာကို ပြန်လည်ပြင်ဆင်စဉ်းစားပေးဖို့ အစီအစဉ်ရှိ/မရှိလေး ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသော မေးမြန်းချက်သည် သဘာဝကျပြီးတော့ အင်မတန်မှန်ကန်ပါတယ်။ ဒီအတွက်ကိုလည်း ကျွန်တော်တို့မှာ ဖြေရှင်းဆောင်ရွက်ဖို့အစီအစဉ်ရှိကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့စာချုပ်တွေချုပ်ဆိုတဲ့အခါမှာ ဥပဒေအရ အတိအကျချုပ်ဆိုခဲ့ပြီး နှစ်အလိုက်နှစ်အလိုက် ပြန်လည်သုံးသပ်ပြီးတော့ ခေတ်အခါနဲ့လျော်ညီသော နှုန်းထားဖြစ်ရန်ကို ယခုအင်းများမှအစ အခြားအခြားသောငှားရမ်းမှုများမှာလည်း အလားတူပင် ပြန်လည်သုံးသပ်ပြီးပြင်ဆင်ချုပ်ဆိုလေ့ရှိပါတယ်။ ဒီအတွက်ကိုလည်း ကျွန်တော်တို့

ပြန်လည်သုံးသပ်ထားရှိပြီးဖြစ်ပါကြောင်း တင်ပြရင်းနဲ့ တိုးတက်မှုအခြေအနေကိုလည်း ပွင့်လင်း မြင်သာစွာ ရှင်းလင်းတင်ပြနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမှာပြောထားတာက ကုမ္ပဏီနဲ့ချုပ်ဆိုတဲ့စာချုပ်။ ပွင့်လင်းမြင်သာမှု ချပြနိုင်ခြင်းရှိ/မရှိနဲ့ နိုင်ငံတော်ကနှစ်အလိုက်ရရှိတဲ့အကျိုးအမြတ်ကို သိလိုတာမေးထားတာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ မေးခွန်းမှာပါတဲ့ ရည်ရွယ်ချက်ပေါက်မြောက်အောင် ဝန်ကြီးဌာနအနေနဲ့ ဖြေစေချင်ပါတယ်။ ခုနက စိမ်းပြာရေညှိအထွက်တိုးဆောင်ရွက်တာတွေ၊ ထွက်ရှိတဲ့အရေအတွက်တွေ အဲဒီဟာတွေရှင်းပြတာထက် မေးခွန်းမှာပါတဲ့အချက်ကို ပိုပြီးတော့ တိတိကျကျရှင်းပြနိုင်ရင်တော့ လွှတ်တော်အတွက် ပိုပြီးတော့အဆင်ပြေပါတယ်။ အခုနက နောင်ဆောင်ရွက်မယ့် လွှတ်တော်ကို ပြန်လည်ရှင်းလင်းတင်ပြမယ်ဆိုတာလည်း ဒီလိုယေဘုယျပြောသွားမယ့်အစား အမြန်ဆုံးပြန်လည် ရှင်းလင်းတင်ပြနိုင်အောင် ဝန်ကြီးဌာနအနေနဲ့ ကြိုးစားပေးပါလို့ လွှတ်တော်အနေနဲ့တိုက်တွန်း ပါတယ်။

**အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ချေးပေးသည့်ချေးငွေအား ပွင့်လင်းမြင်သာ လွယ်ကူစွာ ချေးယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ ကျွန်မဒီနေ့ SME ချေးငွေများနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းသွားမှုဖြစ်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံမှာ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းတွေဟာ နိုင်ငံတော်ရဲ့စီးပွားရေးပြန်လည်ဦးမော့စေရေးအတွက် အဓိကကျတဲ့ အခန်းကဏ္ဍမှာ တည်ရှိနေတာကို အားလုံးအသိပဲဖြစ်ပါတယ်။ SME လုပ်ငန်းတွေဟာ မြို့ရွာအသီးသီးမှာတည်ရှိနေတာ ဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းကို တောရောမြို့ပါမကျန်ပေးနိုင်စွမ်းရှိတဲ့ လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ အဲဒီအထဲကမှ အရည်အသွေးကောင်းပစ္စည်းတွေကို ထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်တွင်း သုံးစွဲနိုင်ရုံသာမက ပြည်ပပို့ကုန်အဖြစ်ပါ ရောက်ရှိသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရင်းအနှီး၊ နည်းပညာ၊ ဥပဒေပိုင်းဆိုင်ရာအကာအကွယ်ပေး မှုတွေကို နိုင်ငံတော်အနေနဲ့ စီစဉ်ဆောင်ရွက်ပေးဖို့ အထူးလိုအပ်လှပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ အ တွက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုလည်း ဖွဲ့စည်းပြီးတာကို သိရှိရမှာဖြစ်ပါတယ်။ အဲဒီအခြေအနေမှာ ဂျပန်နိုင်ငံအစိုးရနှင့် မြန်မာအစိုးရတို့ ပူးပေါင်းပြီးတော့ ဒီအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများကို အစဉ် တစိုက် ဆောင်ရွက်ပေးခဲ့တာကို ကျွန်မတို့ သိရှိခဲ့ရပါတယ်ရှင်။ ၂၀၁၆ ခုနှစ်အတွင်းမှာ ဂျာကာကနေ ပြီးတော့မှ SME လုပ်ငန်းရှင်များအတွက် မြန်မာကျပ်ငွေဘီလီယံ ၃၀ အကူအညီပေးခဲ့တယ်လို့ သိရ ပါတယ်။ ဒီချေးငွေကို SME လုပ်ငန်းရှင်များအား ကူညီပေးနိုင်ရေးအတွက် အောက်ပါပြည်တွင်း ဘဏ် ခြောက်ခုကိုလည်း ခွဲခြားပြီးတော့ ချထားပေးကြောင်းကို လေ့လာခဲ့ရပါတယ်။ အဲဒီဘဏ်တွေကတော့

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(SMITP)၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ဧရာဝတီဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်နှင့် မြန်မာနိုင်ငံသားများဘဏ်တို့ဖြစ်ပါတယ်။ ဘဏ်တစ်ခုအတွက် ငါးဘီလီယံ သိန်းပေါင်း ၅ သောင်းစီချထားတယ်လို့ သိရှိရပါတယ်။ ချေးပေးတဲ့နေရာမှာလည်း အပေါင်ပစ္စည်းနှင့်လည်း ချေးမယ်။ အပေါင်မဲ့လည်း ချေးမယ်ဆိုပြီးတော့ ကျွန်မတို့ SME လုပ်ငန်းရှင်တွေ သိရှိခဲ့ကြရတာ ဖြစ်ပါတယ်။ ယခင် ၂၀၁၅ ခုနှစ်အတွင်း ဂျပန်အစိုးရက ပထမအကြိမ် မြန်မာကျပ်ငွေ ငါးဘီလီယံ ကူညီပေးခဲ့စဉ်က ချေးတဲ့အချိန်မှာ ပွင့်လင်းမြင်သာ ရိုးသားမှုရှိတယ်လို့ မမြင်တွေ့ရပါဘူး။ မခံစားရပါဘူး။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းရှင် ၁၀ ဦးကို တစ်ဦးလျှင် သိန်းငါးထောင်စီ၊ သိန်းလေးထောင့်ငါးရာစီ ထုတ်ချေးပေးခဲ့တာကို သိရှိခဲ့ရပါတယ်။ ဒါကြောင့် SME လုပ်ငန်းရှင်များအနေနဲ့ သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ SME ရုံးတွေကို သွားရောက်ပြီးတော့ စုံစမ်းတယ်။ လျှောက်လွှာဘယ်အချိန် လက်ခံမလဲဆိုတာကို မေးမြန်းခဲ့ကြတယ်။ သတ်မှတ်ဘဏ်ခြောက်ခုကိုလည်း သွားရောက်စုံစမ်းကြတဲ့အခါမှာတော့ ဘဏ်ရဲ့မန်နေဂျာတွေအနေနဲ့ SME လုပ်ငန်းတွေအနေနဲ့ ရှင်းပြနိုင်မှုအားနည်းခဲ့ပါတယ်။ လျှောက်လွှာပုံစံတောင်းယူတဲ့နေရာမှာ နောက်ဆုံး SMIDV ကတောင်မှ လျှောက်လွှာကုန်သွားပါပြီဆိုတဲ့အဖြေသာ ကျွန်မတို့ရရှိခဲ့ကြရတာ ဖြစ်ပါတယ်။ SME လုပ်ငန်းရှင်အနေဟာ ကျွန်မတို့နိုင်ငံမှာ သိန်းချီရှိပါတယ်။ ကျွန်မတို့ ပြည်ခရိုင်တစ်ခုတည်းမှာတောင်မှ ၁၀၀၀ ကျော်ရှိနေတာကို ကျွန်မတို့လေ့လာသိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဂျပန်အစိုးရကနေပြီးတော့မှ ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ SME လုပ်ငန်းတွေကို အထောက်အကူပြုဖို့ ချေးပေးဖို့ ရည်ရွယ်သော်လည်းပဲ SME ရုံးတွေ စက်မှုကြီးကြပ်ဌာနတွေ၊ သက်ဆိုင်ရာဘဏ်တွေဟာ SME လို့ခေါ်တဲ့ အသေးစား၊ အလတ်စား ဒီထက်သေးတဲ့ Micro၊ အလွန်သေးတဲ့ လုပ်ငန်းရှင်အပေါ်တွေမှာ အလေးထားကူညီဆောင်ရွက်ပေးမှုဟာ အလွန်အားနည်းလျက်ရှိတာကို တွေ့ရပါတယ်။ နီးစပ်တဲ့လုပ်ငန်းရှင်ကြီးတွေကိုသာ လက်သိပ်ထိုးချေးငွေလျှောက်ထားစေသလို ဖြစ်နေတဲ့အတွက် ကျွန်မတို့ အသေးစားနဲ့အလတ်စား တကယ့်လုပ်ငန်းရှင်တွေဟာ အကျိုးခံစားခွင့်မရရှိခဲ့ပါဘူး။ ကျွန်မတို့ မနေ့က ၂၀၁၇-၂၀၁၈ အမျိုးသားစီမံကိန်း ခြောက်လပတ်အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့မှ ပြည်သူ့ငွေစာရင်းကော်မတီကလည်း သူ့ရဲ့လေ့လာတွေ့ရှိချက်သဘောထားမှတ်ချက် အပိုဒ် ၈၄ မှာ လွတ်လပ်တဲ့အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း အကောင်အထည်ဖော်ရေးတွေအဖွဲ့တွေ ဖွဲ့စည်းပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များကို ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် တိုးချဲ့ပြီးတော့ ချေးငွေချေးပေးနိုင်ဖို့ သဘောထားမှတ်ချက်ပေးခဲ့တာကိုလည်း အားလုံးသိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမြန်းလိုတာကတော့ ဒီအသေးစားနှင့်အလတ်စား ချေးငွေတွေချေးပေးတဲ့နေရာမှာ လုပ်ငန်းရင်းနှီးမှုပမာဏအပေါ်မှာ မူတည်ပြီးတော့ ဘယ်ရွေ့ဘယ်မျှ ရင်းနှီးထားမှချေးပေးမယ်ဆိုတဲ့ အဆင့်သတ်မှတ်ချက်ရှိပါသလား။ ဒုတိယမေးခွန်းကတော့ ချေးငွေ ရရှိဖို့အတွက် ကျွန်မတို့လုပ်ငန်းရှင်တွေ ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်ကိုလည်း ပွင့်လင်းမြင်သာချပြနိုင်ပေးခြင်းရှိ/မရှိကိုလည်း သိလိုပါတယ်။ တကယ်ချေးငွေချေးမယ်ဆိုရင် မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ဆိုတာကိုလည်း ပွင့်လင်းမြင်သာစွာ ကျွန်မတို့ကို ရှင်းပြနိုင်ဖို့အတွက် လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုဖြစ်ပါတယ်ခင်ဗျား။ ယခုအစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်မှ မေးမြန်းထားတဲ့ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ချေးပေးသည့်ချေးငွေအား ပွင့်လင်းမြင်သာလွယ်ကူစွာ ချေးယူနိုင်အောင် စီစဉ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ စက်မှုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ Power Point ဖြင့်ရှင်းလင်းတင်ပြခွင့်ပြုပါ။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများရဲ့ ကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြင့်လာစေပြီး SME လုပ်ငန်းများရဲ့ ငွေကြေးလည်ပတ်မှုအားကောင်းလာစေရန် အရင်းအနှီးများ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်၏ ဘဏ္ဍာငွေမှချေးငွေထောက်ပံ့မှုများအပြင် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံမှ ချေးငွေများကိုပါရယူဆောင်ရွက်လျက်ရှိနေပါတယ်။ ဂျပန်အစိုးရ၏ ODA Loan ဖြစ်တဲ့ ဂျပန်ယန်းငွေသန်း ၅၀၀၀ ကိုဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ နှစ်ဆင့်ခံချေးငွေ Two Step Loan အနေနဲ့ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပုဂ္ဂလိကဘဏ်ခြောက်ဘဏ်သို့ ထုတ်ပေးခဲ့ပြီး ထိုဘဏ်ခြောက်ဘဏ်မှ SME လုပ်ငန်းရှင်များသို့ ချေးငွေများကို ပံ့ပိုးပေးလျက်ရှိပါတယ်။ အဆိုပါချေးငွေများစနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းကော်မတီ(Working Committee) ကိုဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဂျပန်နိုင်ငံ၏ ချေးငွေကိုပထမအကြိမ်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နှစ်ဆင့်ခံချေးငွေအဖြစ် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(SMIDA) မှလုပ်ငန်းရှင် ၁၁ ဦးကို ထုတ်ချေးပေးခဲ့ပါတယ်။ ထိုစဉ်က အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တစ်ခုတည်းကိုသာ ငွေကျပ် ငါးဘီလီယံ မတည်ပေးခဲ့ပြီး ဘဏ်၏လုပ်ထုံးလုပ်နည်းအစီအစဉ်များနှင့်အညီ ရွေးချယ်၍လုပ်ငန်းရှင် ၁၁ ဦးကိုသာ ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒုတိယအကြိမ်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဂျပန်နိုင်ငံမှ ရွေးချယ်ထားခဲ့သည့် ပုဂ္ဂလိကဘဏ် ခြောက်ခုမှတစ်ဆင့် လုပ်ငန်းရှင် ၁၇၅ ဦး၊ တတိယအကြိမ်အဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၇ ခုနှစ် ဇွန်လအထိ  လုပ်ငန်းရှင် ၈၃ ဦးတို့ကို ထုတ်ချေးပေးထားခဲ့ပြီးဖြစ်ပါတယ်။ အချို့သောဘဏ်များမှ ပြန်လည်ပေးဆပ်သည့် လည်ပတ်ငွေများကို (Reviving Fund) မှတစ်ဆင့် လုပ်ငန်းရှင်များသို့ ထုတ်

ချေးပေးလျက်ရှိရာ ၃၀-၉-၂၀၁၇ ရက်နေ့အထိ RF Fund မှ လုပ်ငန်းရှင် ၁၀ ဦးသို့ ထုတ်ပေးခဲ့ပြီး ဖြစ်၍ စုစုပေါင်းလုပ်ငန်းရှင် ၂၇၉ ဦးသို့ ငွေကျပ် ၅၉၆၁၅.၂၃၀ သန်းထုတ်ချေးပေးခဲ့ပါတယ်။

နှစ်ဆင့်ခံချေးငွေအစီအစဉ်ဖြင့် SME လုပ်ငန်းရှင်များသို့ ထုတ်ချေးပေးရာတွင် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်းများသာမက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များစသည်တို့မှ ထုတ်ပေး ထားသော လုပ်ငန်းလိုင်စင်များ၊ ခွင့်ပြုမိန့်များပြည့်စုံသော စီးပွားရေးလုပ်ငန်းငယ်များအတွက်ကိုပါ အကျုံးဝင်စေရေးအတွက် Two Step Loan ချေးငွေထုတ်ပေးရေးစီမံချက် Operation Guide Line တွင်ညှိနှိုင်းထားပြီးပေးခဲ့ပါတယ်။ SME ချေးငွေများရယူဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှ ပိုးထည် လုပ်ငန်း၊ ဝါဂွမ်းလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ဆားလုပ်ငန်း၊ သံရည်ကျိုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများအပါအဝင် အောင်မြင်သောလုပ်ငန်းများ ၂၁ ခုရှိပြီး ချေးငွေများကို ပြန်လည် ပေးဆပ်နိုင်မှုမရှိသည့် လုပ်ငန်းငယ်များမှာလည်း ၁၃ ခုရှိနေပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသည့် မေးခွန်း(၁)တွင် ဖော်ပြထားသည့် SME ချေးငွေချေးပေးရာတွင် လုပ်ငန်းရင်းနှီးမှုပမာဏအပေါ် မူတည်၍ မည်မျှချေးပေးမည်ဟု အဆင့်ခွဲ ခြားသတ်မှတ်ထားပါသလားဆိုသည့် မေးခွန်းအား ဦးစွာဖြေကြားသွားမှာဖြစ်ပါတယ်။ SME ချေးငွေ ချေးပေးရာတွင် ဂျပန်အစိုးရ၏ ODA Loan ဖြစ်တဲ့ နှစ်ဆင့်ခံချေးငွေ(Two Step Loan) နှင့် Credit Guarantee Insurance (CGI) စနစ်ဖြင့် ချေးယူနိုင်သည့် နည်းလမ်းဟူ၍ နည်းလမ်းနှစ်သွယ် ရှိပါ တယ်။ ဂျပန်အစိုးရ၏ နှစ်ဆင့်ခံချေးငွေထုတ်ပေးတဲ့ အစီအစဉ်နဲ့ပတ်သက်ပြီး SME လုပ်ငန်းရှင်များ ကျယ်ပြန့်စွာသိရှိနိုင်စေရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းနဲ့ သမဝါယမဘဏ်တို့ပူးပေါင်းပြီး SME ဘဏ္ဍာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများဆီသို့ ခေါင်းစဉ်နဲ့ပြည်သူသို့ အသိ ပေး ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကျင်းပ ပြုလုပ်ခဲ့ပါတယ်။ အဆိုပါဆွေးနွေးပွဲတွင် JICA က သတ်မှတ်ထားတဲ့ Criteria နှင့်ပြည့်စုံတဲ့ လုပ်ငန်း ရှင်တစ်ဦးလျှင် တစ်နှစ်အတိုးနှုန်း ၈.၅ ရာခိုင်နှုန်းနဲ့ အများဆုံး ငွေကျပ်သိန်း ၅၀၀၀ ကိုအချိန်ကာလ အများဆုံး ငါးနှစ်အထိ ချေးယူနိုင်ပြီး အာမခံပစ္စည်းမပြည့်မီသော လုပ်ငန်းရှင်များအနေဖြင့် Credit Guarantee Insurance(CGI)စနစ်ကို အသုံးပြုပြီး သမဝါယမဘဏ်မှ Tow Step Loan ချေးငွေ ကို ရယူနိုင်ပါကြောင်း လုပ်ငန်းရှင်းများသို့ အသိပေးရှင်းလင်းပေးခဲ့ပါတယ်။

ဆက်လက်၍ မေးခွန်း(၂)နှင့်(၃) တွင်ဖော်ပြထားသော SME ချေးငွေချေးပေးရာတွင် ဆောင်ရွက်သည့် လုပ်ငန်းအဆင့်ဆင့်ကို ပွင့်လင်းမြင်သာချပြပေးနိုင်ခြင်းရှိ/မရှိနှင့် ချေးငွေချေးယူ လိုပါက SME လုပ်ငန်းရှင်များမှ မည်ကဲ့သို့စတင်လျှောက်ထားဆောင်ရွက်မည်ကို ရှင်းလင်းဖြေကြား အပ်ပါတယ်။ SME လုပ်ငန်းရှင်များအနေနဲ့ နှစ်ဆင့်ခံချေးငွေများကို သတ်မှတ်ပေးထားသည့် ဘဏ် ခြောက်ဘဏ်တွင် လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို သက်ဆိုင်ရာဘဏ်မှ ချေးငွေအကဲဖြတ် စစ်ဆေးမှုများပြုလုပ်၍ ပဏာမစိစစ်ရွေးချယ်ပါတယ်။

နှစ်ဆင့်ခံချေးငွေချေးယူနိုင်ရေး လုပ်ငန်း လမ်းညွှန်ချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ/မရှိကို မြန်မာ့စီးပွားရေးဘဏ်က ထပ်မံစစ်ဆေးပြီး သက်ဆိုင်ရာ ဘဏ်များမှတစ်ဆင့် ချေးငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ ဘဏ်များမှ SME လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ပေးရာတွင် မည်ရွေ့မည်မျှ ချေးမည်ဟူ သော သတ်မှတ်ချက်မှာ ချေးငွေရယူလိုတဲ့ လုပ်ငန်းအပေါ် သက်ဆိုင်ရာ ဘဏ်ရဲ့အကဲဖြတ်သုံးသပ် ချက်နဲ့ ဘဏ်၏မူဝါဒအရသာဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။

နှစ်ဆင့်ခံချေးငွေထုတ်ချေးခြင်းဆိုင်ရာ သတင်းအချက်အလက်များကို လက်ကမ်းကြော်ငြာ စာစောင်များပြုစု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ SME လုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ ထုတ် မြန်မာ့အလင်းသတင်းစားတွင် ထောက်ပံ့ကူညီမြန်မာ SME လုပ်ငန်းများဆီ သတင်းခေါင်းစဉ် ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားပြီးတော့ တင်ပြခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာတွင်လည်း ထောက်ပံ့ကူညီမြန်မာ SME လုပ်ငန်းများဆီ သတင်းဆောင်းပါး ဖြင့် ရေးသားဖော်ပြခဲ့ခြင်း၊ SME ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ Website နှင့် Facebook များတွင် ဖော်ပြခြင်းနဲ့ ပြည်သူလူထုအား အသိပေးလုပ်ငန်းများကို ထိရောက်အောင်ဆောင်ရွက်လျက်ရှိနေ ပါတယ်။

CGI စနစ်ဖြင့် ချေးငွေရရှိနိုင်ရေးအစီအစဉ်တွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန မှ ချေးငွေလျှောက်ထားလိုသော လုပ်ငန်းရှင်၏ လုပ်ငန်းများကို စိစစ်၍ SME လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်များ မြန်မာ့အာမခံများနှင့် ပုဂ္ဂလိကဘဏ်များဖြစ်တဲ့ (CB, KBZ, SMIDA) စတဲ့ ဘဏ် များသို့ အဆင့်ဆင့်စိစစ်၍ ထုတ်ပေးလျက်ရှိပါတယ်။ ၃၀-၁၀-၂၀၁၇ ရက်နေ့အထိ SME လုပ်ငန်းရှင် ဖြစ်ကြောင်း ၂၆၄၇ ဦးအားထောက်ခံချက်များထုတ်ပေးခဲ့ပြီး ၁၈၀ ဦးသို့ ငွေကျပ် ၂၀၅၇ သန်းကို ထုတ်ချေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါတွင် ချေးငွေလျှောက်ထားရာတွင် ပိုမိုမြန်ဆန်လွယ်ကူစေရန်အ တွက် SME လုပ်ငန်းရှင်များဖြစ်ကြောင်း ထောက်ခံချက်များ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တိုင်းဒေ သကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများမှ တိုက်ရိုက်လက်မှတ်ရေးထိုးထုတ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါတယ်။

SME လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ပေးရာတွင် ချေးငွေအမျိုးအစားအပေါ်မူတည်၍ မည်ရွေ့မည်မျှ ချေးမည်ဟူသော သတ်မှတ်ချက်သည် ချေးငွေရယူလိုသော လုပ်ငန်းများအပေါ် သက်ဆိုင်ရာဘဏ်ရဲ့အကဲဖြတ်သုံးသပ်ချက်နှင့် ဘဏ်၏မူဝါဒအရသာ ဆောင်ရွက်နေခြင်းဖြစ်ပါ ကြောင်း၊ JICA Two Step ချေးငွေရယူလိုသော လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဘဏ်များသို့ တိုက်ရိုက်လျှောက်ထားနိုင်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် CGI စနစ်ဖြင့် ချေးငွေလျှောက် ထားလိုသူများအား ချေးငွေများလွယ်ကူစွာ ချေးယူနိုင်ရေးအတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ SME လုပ်ငန်းရှင်များကို ထောက်ခံချက်များထုတ်ပေးခြင်းနှင့် လုပ်ငန်းအကျိုးအမြတ် ရရှိနိုင်မှု အခြေအနေများကိုစစ်ဆေး၍ ထောက်ခံပေးခြင်း ဆောင်ရွက်လျက်ရှိနေပါကြောင်း လုပ်ငန်း လျှင်မြန်မှုရှိစေရန်အတွက် လိုအပ်သည့်အကူအညီများကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/

ပြည်နယ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ SME ချေးငွေနှင့်ပတ်သက်၍ ပြည်သူအများသိရှိစေရန် သတင်းအချက်အလက်များကိုလည်း မျှဝေပေးလျက်ရှိနေပါကြောင်း ဖြေကြားအပ်ပါတယ်။ လုပ်ငန်းစဉ်များတွင် လွယ်ကူစွာ၊ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဘဏ်အချို့တွင် One-Stop SME ရုံးခွဲများ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါရုံးခွဲများတွင် လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို တစ်နေရာတည်းတွင် လွယ်ကူလျင်မြန်စွာဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအား ဦးစားပေးထောက်ပံ့ပေးနိုင်ရန်အတွက် SME လုပ်ငန်းများအား ချေးငွေများကို လွယ်ကူစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ချေးယူနိုင်ရေးတို့အတွက် လိုအပ်သောငွေကြေးမတည်ပေးခြင်း၊ SME ရန်ပုံငွေများ ထူထောင်ပေးခြင်း၊ နိုင်ငံတကာအထောက်အပံ့များ ရရှိရေးဆောင်ရွက်ပေးခြင်း စသည်တို့အတွက် SME Fund Management Board ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် SME ချေးငွေများကို လွယ်ကူစွာ အမြန်ဆုံးထုတ်ချေးပေးနိုင်တော့မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)။** ။ ဝန်ကြီးမှ ပြည့်စုံစွာ ရှင်းလင်းဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဆက်စပ်မေးခွန်း နှစ်ခုလောက် မေးခွင့်ပြုပါ။ ပထမတစ်ချက်ကတော့ ဒီစပြီးတော့ချေးမယ်လို့ ဝန်ကြီးဖြေတဲ့အချိန်မှာ ကျွန်မကဂ.၅ ရာခိုင်နှုန်း အတိုးနှုန်းဖြစ်ပါတယ်။ ဒါပေမဲ့လို့ အခုဘဏ်တွေကိုရောက်ရှိသွားပြီးတော့ ကျွန်မတို့တကယ့် စက်မှုအသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းရှင်တွေကို ပြန်ချေးတဲ့အခါမှာလည်း ကျွန်မတို့က ၁၃ ရာခိုင်နှုန်းနဲ့ Premium ကြေးတွေပါ ထည့်သွင်းပေးရမှာဖြစ်တဲ့အတွက် အသေးစားနှင့်အလတ်စားလို့ဆိုပေမယ့်လည်း ကျွန်မတို့မှာ Miocro တွေလည်းရှိပါတယ်။ ချေးငွေ ၅ဝ၊ ၁ဝဝ မှ အရင်းမရှိလို့ လုံးဝမတိုးချဲ့နိုင်ဘူးဆိုရင် ဒီအတိုးနှုန်းကလည်း ထပ်ပြီးတော့ ဝန်ပိတဲ့အတွက် တစ်ဆင့်ချင်း တစ်ဆင့်တည်း ချေးလို့မဖြစ်နိုင်ဘူးလား။ ဒီဘဏ်တွေရဲ့ သူတို့မူဝါဒအရ ဆက်လက်ဆောင်ရွက်တာဖြစ်တဲ့အတွက် အတိုးနှုန်းလည်း များသွားပါတယ်။ ကျွန်မတို့အခုအချိန်အထိ ဒီပွင့်လင်းမြင်သာမသိရှိရပါဘူး။ ဝန်ကြီးဖြေတာကတော့ One-Stop Service လုပ်ပေးမယ်ဆိုတာကို ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒီတော့ ဒီဘဏ်တွေအနေနဲ့ ကျွန်မတို့ ဆက်လက်ပြီးတော့ နှစ်ဆင့်မခံနေဘဲနဲ့ ဒီစက်မှုကြီးကြပ်ဌာနတွေကနေပြီးတော့ ကျွန်မတို့ ဒီ ဂ.၅ ရာခိုင်နှုန်းနဲ့ပဲ ချေးပေးနိုင်ခြင်း မရှိဘူးလားဆိုတာကို ပထမအချက်အနေနဲ့ မေးမြန်းလိုပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ယခင်အပတ်ကဝန်ကြီးတွေကို ဒီ ၂၀၁၆-၂၀၁၇ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနှစ်ပတ်လည်အစီရင်ခံစာရဲ့ စာမျက်နှာ ၁၂၈ မှာပါသလိုပဲ တိုင်းဒေသကြီးအလိုက် လေ့လာကြည့်တဲ့အခါမှာ ရန်ကုန်တို့၊ မန္တလေးတို့ကတော့ ဟုတ်ပါတယ်။ ဒါဟာသူတို့ချေးငွေလည်း များပါတယ်။ ချေးပေးတဲ့လုပ်ငန်းရှင်လည်းများပါတယ်။ ချေးငွေကို ယှဉ်ကြည့်လိုက်တဲ့အခါ ရန်ကုန်ဆိုလို့ရှိရင် သိန်းသုံးသောင်းနီးပါး၊ မန္တလေးဆိုလို့ရှိရင် သိန်းတစ်သောင်းကျော်ပေါ့နော်။ ဧရာဝတီသိန်းတစ်သောင်း

လောက်ရှိပြီးတော့ ကျန်တဲ့ကျွန်မတို့ တိုင်းဒေသကြီးနှင့်ပြည်နယ်မှာ အလွန်နည်းပါတယ်။ ဒီလိုအချိုး ကွာပေမယ့်လည်း တိုင်းအလိုက် ဒီငွေကိုပေးလိုက်ပြီးတော့မှ စီစဉ်ဆောင်ရွက်နိုင်ခွင့်ပေးလို့ရမလား ဆိုတဲ့မေးခွန်းကို မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသော အချက်များသည် လက်တွေ့ဘဝတွင် အင်မတန်မှန်ကန်ပြည့်စုံပါကြောင်းပထမ ဦးစွာဆွေးနွေးလိုပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးထားတဲ့အတိုင်း နှစ်ဆင့်ခံချေးခြင်းသည် တစ်ဆင့်ခံအဖြစ်ပြောင်းလဲ၍ ရ/မရ ဆိုသည့်မေးခွန်းနှင့်ပတ်သက်၍တော့ မိမိတို့ဝန်ကြီးဌာနအနေနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ပြီးတော့ မူအားဖြင့် ဆွေးနွေးတိုင်ပင်ပြီးမှသာလျှင် ပြန်လည်ရှင်းလင်းပေးနိုင် မှာဖြစ်ပါတယ်။ အခု လက်ရှိလက်တလောအနေအထားအရကတော့ မူလသတ်မှတ်ချက်မူ၊ ဘဏ်၏ သတ်မှတ်ချက် အတိုင်းနှစ်ဆင့် Two Step Loan အရ ဖြစ်နေပါသေးတယ်။ ဒီအတွက်ကိုလည်း ပြန်လည်ပြုပြင်ပေးဖို့ကတော့ ဆွေးနွေးချက်ပဲ ရှိနေပါတယ်။ ဒီအတွက်ကို သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမြန်ဆုံးဆောင်ရွက် ဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အခြားမေးခွန်းတစ်ခုအရတော့ တိုင်းဒေသကြီးအလိုက် လေ့လာရာမှာ ရန်ကုန်တိုင်းဒေသကြီးကတော့ အများဆုံးချေးယူပြီးတော့ မန္တလေးတိုင်းဒေသကြီးလည်း အပါအဝင် အဆင့်ဆင့်ချေးခဲ့ကြပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ ချေးယူနိုင်မှု အင်မတန် နည်းပါးကြောင်း တင်ပြဆွေးနွေးသွားပါတယ်။ ဒါလည်း အမှန်အားဖြင့်တော့ လက်တွေ့မှာမှန်ကန်ပါ တယ်။ ဒီလိုဖြစ်ရခြင်းအကြောင်းရင်းသည် ယခု SME ဗဟိုကော်မတီဖွဲ့ထားပြီးတဲ့နောက် အစိုးရသစ် လက်ထက်မှာ SME လုပ်ငန်းများကို ပိုမိုတွန်းအားပေးဆောင်ရွက်ပေးလျက်ရှိရာမှာ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် SME Agency များ ထပ်မံဖွဲ့စည်းလျက်ရှိပါတယ်။ ဒီအတွက် SME အေဂျင်စီများကသည် ထိန်းချုပ်မှုအတွက်ကတော့ SME ရဲ့ Working Committee လုပ်ငန်း ကော်မတီကို တည်ထောင်ပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ Working Committee ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်တဲ့အတွက် မကြာမီ စတင်အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။ ဒီလို ကော်မတီဖွဲ့ထားခြင်းအားဖြင့် အခုနကတင်ပြဆွေးနွေးသော ဆက်စပ်မည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် လိုအပ်သောထောက်ပံ့မှုများကို ပြန်လည်သုံးသပ်စိစစ်ရာမှာ အခုနကတင်ပြပါ Check မှာ ပြန်ကြည့်မယ်ဆိုရင် ရက်ပေါင်း ၃၀ အများဆုံးအကြာမှာ လိုအပ်သော ချေးငွေကို ရရှိနိုင် မှာဖြစ်ပါတယ်။ SME လုပ်ငန်းငယ်များကို နောက်ဆုံး Micro လုပ်ငန်းငယ်များအထိ ထုတ်ချေးနိုင်ရေး အတွက်ကတော့ ၎င်းတို့ဆောင်ရွက်မည့် SME လုပ်ငန်းသည် အမှန်တကယ် နိုင်ငံတော်အတွက် အကျိုးရှိ/မရှိ၊ ဈေးအလားအလာကောင်း/မကောင်း၊ နည်းပညာပြည့်ဝကြွယ်ဝမှု ရှိ/မရှိ၊ ကျောထောက် နောက်ခံပေးသော လုပ်ငန်းများရှိ/မရှိ စသည်ဖြင့်အားလုံးကို စိစစ်တဲ့အခါမှာ စက်မှုဝန်ကြီးဌာန အနေနဲ့ကတော့ နည်းပညာပိုင်းဆိုင်ရာ၊ ထုတ်လုပ်မှုပိုင်းဆိုင်ရာကို ဦးစားပေးစိစစ်ပြီးတော့ ထောက်ခံ ချက်များပေးလျက်ရှိပါတယ်။ အလားတူပဲ ဘဏ်လုပ်ငန်းဆိုင်ရာ ဘဏ်ဥပဒေအရ လိုအပ်ချက်များကို

ပြည့်စုံမှုရှိ/မရှိနဲ့ ကျောထောက်နောက်ခံကောင်းမှုရှိ/မရှိ။ ထို့အတူ အာမခံချက်ပေးနိုင်မှုရှိ/မရှိတို့ကို ဘဏ်ဘက်က လုပ်ထုံးလုပ်နည်းနဲ့အညီ စစ်ဆေးပြီးတဲ့အခါမှာ Two Step အစား One Step ဖြစ်နိုင်အောင် လုပ်ငန်းကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီးတော့ SME အေဂျင်စီများမှတစ်ဆင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခု SME လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ လုပ်ငန်းကော်မတီဖွဲ့စည်းထားပြီးဖြစ်တဲ့အတွက် SME လုပ်ငန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဖို့ SME အေဂျင်စီရုံးခွဲငယ်များကို တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့ဖွဲ့စည်းဖို့စီစဉ်ထားပြီးပါပြီ။ ဒီလိုစီစဉ်ထားပြီးဖြစ်တဲ့အတွက် ထွက်ပေါ်လာမယ့် အေဂျင်စီများမှတစ်ဆင့်အမှန်တကယ်အသုံးပြုလိုသော SME လုပ်ငန်းငယ်များအသီးသီးတို့မှ တိုက်ရိုက်ထိတွေ့ပြီးတော့ လက်တွေ့ကျကျသုံးသပ်ပြီးတော့ ရက်ပေါင်း ၃၀ အတွင်း အမြန်ဆုံးချေးငွေများကို လိုအပ်သူများလက်ထဲသို့ တိုက်ရိုက်ရောက်ရှိနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**လဟယ်မြို့နယ် အခြေခံပညာကျောင်းများတွင် ပဲနို့အာဟာရတိုက်ကျွေးခြင်းသည် မြို့ပေါ်ရှိကျောင်းသူကျောင်းသားများအတွက် အမှန်တကယ် အကျိုးရှိသည်ဆိုပါက ကျေးရွာများအထိ တိုးချဲ့လုပ်ဆောင်သွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဒေသခံကလေးငယ်များကိုယ်စား နာဂဒေသရှိ အခြေခံကျောင်းများမှာ ပဲနို့အာဟာရတိုက်ကျွေးနေတဲ့အစီအစဉ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းခြင်းရဲ့အကြောင်းအရင်းကို ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်တို့ နာဂဒေသမှာရှိကြတဲ့ကလေးငယ်တွေဟာ အာဟာရဓာတ်ပြည့်ဝတဲ့အစားအသောက်တွေ လုံလုံလောက်လောက်စားသောက်နိုင်ဖို့နေနေသာသာ ထမင်းနပ်မှန်အောင် မနဲစားသောက်နေကြရတဲ့အခြေအနေမျိုးမှာရှိနေပါသေးတယ်။ ဒီလိုဖြစ်ရခြင်းရဲ့အကြောင်းအရင်းတွေက ခေတ်အဆက်ဆက်စားနပ်ရိက္ခာရှားပါးခြင်း၊ ဝင်ငွေရအလုပ်အကိုင်ရှားပါးခြင်း စတဲ့ဘက်ပေါင်းစုံချွတ်ခြုံကျနေခြင်းတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒေသအခြေအနေမှန်ကို မသိသေးသူတွေကတော့ တောင်ပေါ်သားတွေ ချဲ့ပြောနေတယ်လို့ထင်ကောင်းထင်နိုင်ပါတယ်။ ဒါပေမဲ့ ဒေသကိုရောက်ဖူးသူတိုင်းကတော့ အခုတင်ပြနေတာထက်အောက်ခြေမှာပိုမိုးဆိုးရွားနေကြောင်း ပြောကြပါလိမ့်မယ်။ ဒီလိုအာဟာရချို့တဲ့ခြင်းကြောင့်ပဲ ၂၀၁၆ ခုနှစ်မှာ ဝက်သက်ရောဂါကိုမခုခံနိုင်ဘဲ ကလေးငယ်ပေါင်း ၃၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ပခုက္ကူခရီးစဉ်မှာ ရွှေပါရမီဖောင်ဒေးရှင်းက ပဲနို့တိုက်ကျွေးနေတဲ့အစီအစဉ်ကို တွေ့ရှိခဲ့ပြီးတော့ ဆက်စပ်ဝန်ကြီးဌာနက တာဝန်ရှိသူတွေကို ဒီလိုပဲနို့အာဟာရတိုက်ကျွေးတဲ့အစီအစဉ်တွေကို ပိုမိုပြုလုပ်သင့်ကြောင်းနှင့် အာဟာရဓာတ်ချို့တဲ့တဲ့ဒေသတွေမှာ

စတင်လုပ်ဆောင်သင့်ကြောင်း ပြောကြားခဲ့တယ်လို့ ကြားသိခဲ့ရပါတယ်။ ဒါကြောင့်လည်း ရွှေပါရမီဖောင်ဒေးရှင်းနဲ့ဆက်စပ်ဝန်ကြီးဌာနတွေက တာဝန်ရှိသူလူကြီးမင်းများဟာ လဟယ်မြို့ကို ရောက်ရှိလာပြီးတော့ ဒေသခံပြည်သူတွေကို ပဲနို့တိုက်ကျွေးခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အသိပညာပေးဆွေးနွေးမှုတွေပြုလုပ်ခဲ့ပါတယ်။ ဒေသထွက် Organic ပဲပုပ်ကို အသုံးပြုမှာဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနကလည်း လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာကို ပံ့ပိုးပေးပြီး ကျန်ဝန်ကြီးဌာနတွေကတော့ ပူးပေါင်းလုပ်ဆောင်ကြမယ့် Integrated Approved အကြောင်း သိရှိရပါတယ်။ အလျဉ်းသင့်လို့တင်ပြ ရရင် ယနေ့အချိန်ထိ နာဂဒေသက စိုက်ပျိုးထွက်ကုန်တွေဟာဆိုရင် ပိုးသတ်ဆေးလုံးဝသုံးစွဲထားတာမရှိတဲ့အတွက်ကြောင့် Organic Product စစ်စစ်တွေဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ပဲနို့တိုက်ကျွေးခြင်းလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့ အစီအစဉ်ရှိမယ်ဆိုရင်တော့ ကျွန်တော်တို့ နာဂဒေသလို ပိုးသတ်ဆေးမတို့မထိသေးတဲ့ဒေသတွေကနဲ့ Organic Product ကုန်ကြမ်းတွေ ရရှိနိုင်မှာဖြစ်ပြီး ဒေသခံတိုင်းရင်းသားတွေအတွက်လည်း ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ယခုအခါ ရွှေပါရမီဖောင်ဒေးရှင်းရဲ့လှူဒါန်းမှုကြောင့် လဟယ်မြို့ပေါ်က စာသင်ကျောင်းများ၊ ဘကကျောင်းနှင့် မူကြိုကျောင်းတွေက ကလေးငယ်တွေကို ပဲနို့တိုက်ကျွေးတဲ့အစီအစဉ်တွေ တစ်ပတ်မှာ နှစ်ကြိမ် ပြုလုပ်နေပြီဖြစ်ပါတယ်။ အခုလို အလှူဒါနပြုနေကြတဲ့ ရွှေပါရမီဖောင်ဒေးရှင်းမိသားစုကိုလည်း ဒေသခံပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါ။ ဒီပုံကတော့ ရွှေပါရမီဖောင်ဒေးရှင်းကနေ နာဂဒေသ သုံးမြို့နယ်အတွက် ပဲနို့ကြိတ်စက်ကြိတ်နိုင်ဖို့ရန်အတွက် ပဲနို့ကျိတ်စက်တွေကို ပံ့ပိုးပေးနေတဲ့ပုံပဲဖြစ်ပါတယ်။ ဒီပုံကတော့ ပဲနို့အာဟာရတိုက်ကျွေးနေတာကို ပဲကျိတ်ခြင်းနဲ့ကျိုချက်နေတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒီပုံကတော့ နာဂဒေသဦးစီးအဖွဲ့ဝင်နဲ့ ရွှေပါရမီဖောင်ဒေးရှင်းတို့ကနဲ့ ကလေးငယ်တွေကို ပဲနို့အာဟာရတိုက်ကျွေးနေတဲ့ပုံပဲဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ အ.ထ.ကကျောင်းမှာ ပဲနို့အာဟာရတိုက်ကျွေးခြင်း၊ ပြီးတဲ့အခါမှာ ကျန်းမာရေးဝန်ထမ်းတွေကနဲ့ ကိုယ်အလေးချိန်တိုင်းတာတာတွေ၊ အရပ်နဲ့လက်မောင်းတိုင်းတာပေးတာတွေ ပြုလုပ်နေတဲ့ပုံပဲဖြစ်ပါတယ်။ ဒီပုံကတော့ မူကြိုကျောင်းမှာရှိတဲ့ ကလေးငယ်များနှင့် မိခင်၊ ကလေးတွေကို ပဲနို့အာဟာရတိုက်ကျွေးနေတဲ့ပုံပဲဖြစ်ပါတယ်။ ဒီပုံကတော့ ပဲနို့နဲ့နွားနို့အာဟာရပါဝင်မှု နှိုင်းယှဉ်ချက်ပုံပဲဖြစ်ပါတယ်။ အားသာချက်၊ အားနည်းချက်နှင့်ပတ်သက်ပြီးတော့ ပညာရှင်တွေရဲ့ သုံးသပ်ချက်တွေကလည်း အမျိုးမျိုးရှိနေတာဖြစ်ပါတယ်။ ကလေးငယ်တွေကို ပဲနို့တိုက်ကျွေးနေကြတဲ့နိုင်ငံတွေရှိသလို နွားနို့ကိုပဲတိုက်ကျွေးနေတဲ့နိုင်ငံတွေလည်းရှိနေတာကို လေ့လာသိရှိရပါတယ်။ Power Point အပြီးပိတ်လို့ရပါပြီ။ မည်သို့ပင်ဆိုစေ လက်ရှိအချိန်မှာ ပဲနို့တိုက်ကျွေးခြင်းဟာ ကျွန်တော်တို့ဒေသနှင့်အကိုက်ညီဆုံးဖြစ်နေပြီး ကုန်ကြမ်းအလွယ်တကူရရှိနိုင်တဲ့အပြင် နွားနို့ထက်လည်း ကုန်ကျစရိတ်သုံးဆခန့်သက်သာနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီ့အပြင် ဒေသခံပြည်သူတွေအတွက်လည်း ဝင်ငွေလည်းတိုးပွားလာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်း ပွင့်လင်းလာစေပါတယ်။ ပြည်သူကို မျက်နှာမူတဲ့ခေါင်းဆောင်ကောင်းတွေရှိကြတဲ့နိုင်ငံတွေကိုလေ့လာကြည့်တဲ့အခါမှာ မိမိတို့ရဲ့နိုင်ငံသူ

နိုင်ငံသား၊ ကလေးငယ်တွေ ကျန်းမာသန်စွမ်း ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာအောင် သေချာသုတေသန တွေပြုလုပ်ပြီး အဖြေရှာအစီအမံတွေချမှတ်ရေးဆွဲပြီးတော့ အကောင်အထည်ဖော် လုပ်ဆောင်ပေးကြ ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ လဟယ်မြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများတွင် ပဲနို့အာဟာရတိုက်ကျွေးခြင်းသည် ကျောင်းသူကျောင်းသားများအတွက် အမှန် တကယ်အကျိုးရှိသည်ဆိုပါက ကျေးရွာများအထိ တိုးချဲ့လုပ်ဆောင်သွားရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက ထိုသို့လုပ်ငန်းတိုးချဲ့ခြင်းနှင့် လက်ရှိပဲနို့တိုက်ကျွေးခြင်းလုပ်ငန်း အဆက်မပြတ်ဖြစ် စေရန် သက်ဆိုင်ရာပြည်ထောင်စုအစိုးရမှ မည်သို့ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးမည်နည်း၊ မည်သို့ သောအစီအမံများချမှတ်ထားပါသနည်း၊ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နည်းကို ဒေသခံ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာ ခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက စစ်ကိုင်းတိုင်းဒေသ ကြီး၊ လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးသက်နောင်ရဲ့မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ် အခြေခံပညာကျောင်း များတွင် ပဲနို့အာဟာရတိုက်ကျွေးခြင်းသည် မြို့ပေါ်ရှိ ကျောင်းသားကျောင်းသူများအတွက် အမှန်တကယ်အကျိုးရှိသည်ဆိုပါက ကျေးရွာများအထိ တိုးချဲ့လုပ်ဆောင်သွားရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက ထိုသို့လုပ်ငန်းတိုးချဲ့ခြင်းနှင့် လက်ရှိပဲနို့တိုက်ကျွေးခြင်းလုပ်ငန်း အဆက်မပြတ်စေ ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုအစိုးရမှ မည်သို့ဆက်လက်ပံ့ပိုးလုပ်ဆောင်ပေးမည်နည်း၊ မည်သို့သောအစီအမံများ ချမှတ်ထားပါသနည်း၊ မရှိပါက အဘယ့်ကြောင့်နည်း သိလိုခြင်းဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ လဟယ်မြို့ပေါ်မှာရှိတဲ့အခြေခံပညာကျောင်းများမှာ ပဲနို့အာဟာရတိုက်ကျွေးခြင်းလုပ်ငန်းက ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက် တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒီတိုက်ကျွေးတဲ့နေရာတွေကတော့ ဘုန်းတော်ကြီးသင်ပရဟိတကျောင်း၊ တပ်တွင်း အခြေခံပညာမူလတန်းကျောင်း၊ မြို့မ အခြေခံပညာအထက်တန်းကျောင်း၊ ဧလိမ် မူလတန်း ကြိုကျောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်မှာရှိတဲ့ ကျောင်းသူကျောင်းသားတွေ စုစုပေါင်း ၁၀၃၂ ဦးကို ပြီးခဲ့တဲ့ ၁-၆-၂၀၁၇ ရက်နေ့ကစပြီး ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းရဲ့ရန်ပုံငွေနဲ့ တိုက်ကျွေး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနရဲ့ဆက်စပ်ဖြေကြားချက်အရ ရွှေပါရမီဖောင်ဒေးရှင်းရဲ့ ရန်ပုံငွေအစီအစဉ်နဲ့ ဆက်လက်တိုက်ကျွေးရန် အစီအစဉ်ရှိပါကြောင်း သိရှိရပါတယ်။ နောက် ဝန်ကြီးဌာနတစ်ခုဖြစ်တဲ့လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့မှာရှိတဲ့ လူမှုဝန်ထမ်းဦးစီးဌာနသည် မူလတန်းကြိုကျောင်းမှ ကလေးများကို ပဲနို့စဉ်ဆက်မပြတ်တိုက်ကျွေးနိုင်ရန် ရန်ပုံငွေတင်ပြတောင်းခံထားပြီး ဆက်လက်တိုက်ကျွေးရန်စီစဉ်ထားပါကြောင်း သိရှိရပါတယ်။ လောလောဆယ် လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ကလေးငယ် ၁၀၀ ဦးရေဆံ့ မူလတန်းကြို(၁)ကျောင်းမှာ ဆောင်ရွက်လျက်ရှိပြီး မူလတန်းကြိုဆရာ/ဆရာမ လေးဦးနဲ့တာဝန်ပေးအပ်ပြီး ပဲနို့တိုက်ကျွေးရေးလုပ်ငန်းဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် အခြားကျေးရွာများရှိ မူကြိုကလေးငယ်များအား ပဲနို့အာဟာရတိုက်ကျွေးခြင်းကို တိုးချဲ့ဆောင်ရွက်ဖို့ ဘတ်ဂျက်လျာထားခြင်းမရှိပါကြောင်း ပေါင်းစပ်ဖြေကြားထားပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့်အညီ ဘတ်ဂျက်များလျာထားဆောင်ရွက်လျက်ရှိပြီး ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပဲနို့အာဟာရတိုက်ကျွေးရန် ရန်ပုံငွေလျာထားခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ အခုလိုပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက်လည်း ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ခုနက တင်ပြသွားသလိုပါပဲ။ ဒါက ပရဟိတအဖွဲ့တစ်ဖွဲ့က ပြုလုပ်တဲ့အစီအစဉ်လေးတစ်ခုဖြစ်ပေမဲ့လည်း ဒါဟာ အလှူငွေပေါ်မူတည်ပြီးတော့ လည်ပတ်နေရတဲ့အခြေအနေဖြစ်ပါတယ်။ ကျွန်တော့်ဒေသဟာ အမှန်တကယ်ပဲ ကလေးသူငယ်တွေဟာ အာဟာရဓာတ်ချို့တဲ့နေတဲ့အပိုင်းတွေ အင်မတန်ရှိနေပါတယ်။ ဆက်စပ်ဝန်ကြီးဌာနတွေအနေနဲ့ အစိုးရအနေနဲ့ကလည်း ဘတ်ဂျက်တွေ လျာထားပေးမှုမရှိဘူးဆိုတော့ သေချာပါတယ်။ ဒီတစ်နှစ်ပြီးတဲ့အခါမှာ ရွှေပါရမီဖောင်ဒေးရှင်းက သူတို့အနေနဲ့ ရန်ပုံငွေမလောက်တဲ့အခါမှာ၊ မရှိတော့တဲ့အခါမှာ မလုပ်တော့ဘူးဆိုရင် ဒီအစီအစဉ်စရိတ်က အစီအစဉ်ကောင်းတစ်ခုဟာ ပျောက်ဆုံးသွားမယ့် အခြေအနေမှာ ရှိနေပါတယ်။ အစီအမံ။ ကျွန်တော့်အနေနဲ့ မေးခွန်းက သုံးခုရှိပါတယ်။ တကယ်လို့ ဒီဟာက အမှန်တကယ်အကျိုးရှိနေတဲ့အရာဖြစ်တယ်ဆိုရင်တော့ မတိုးချဲ့ဘူးဆိုတိုင်အောင်တောင်မှပဲ ဒီအစီအစဉ်တွေက အစီအစဉ်ကောင်းဖြစ်နေတယ်ဆိုရင် ပြည်ထောင်စုအစိုးရအနေနဲ့ရှေ့လုပ်ငန်းစဉ်တွေမှာ ဘယ်လိုအစီအမံတွေချမှတ်ထားသလဲ။ ဘယ်လိုတွေလုပ်ဆောင်ဖို့ရှိသလဲဆိုတာ ကျွန်တော် မေးမြန်းထားတာ ရှိပါတယ်။ ဒီအပိုင်းကို ဖြေကြားသွားတာမတွေ့တဲ့အတွက်ကြောင့် ဒီအပိုင်းနှင့် ပတ်သက်ပြီး နောင်လာမယ့်အခြေအနေမှာ ဘယ်လိုမျိုးအစီအမံများ ချမှတ်ထားတယ်ဆိုတာ ပြန်လည်ဖြေကြားပေးဖို့ရန်အတွက် မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ခုနက ရှင်းပြတဲ့အထဲမှာလည်း ပါပါတယ်ခင်ဗျား။ ဒီပဲနို့ တိုက်ကျွေးပြီးနောက် ရလာမယ့်အကျိုးရလဒ်တွေဟာ အခု လစဉ်၊ နှစ်စဉ် အလေးချိန်တိုးနှုန်း၊ အရပ် မြင့်နှုန်း၊ ဉာဏ်ရည်မြင့်မားနှုန်းတွေ တိုင်းထွာဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ ဒီနာဂဒေသ၊ လဟယ်ဒေသမှာ ထင်သာမြင်သာသောအကျိုးရလဒ်ရှိရင် ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီး ဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်နိုင်မယ့်အစီအစဉ်များ ချမှတ်ပြီး ဘတ်ဂျက်တင်ပြတောင်းခံမည်ဖြစ်ပါ ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဆီဆိုင်မြို့နယ်၊ နောင်လတ်အခြေခံပညာမူလတန်းကျောင်းအား (၂၀၁၈-၂၀၁၉) ပညာသင်နှစ်တွင် အ.လ.က(ခွဲ)သို့ တိုးမြှင့်ပေးပါရန်၊ လိုအပ်လျက်ရှိသောကျောင်းဆောင်(၁)ဆောင်အား ချထားပေးပါရန် နှင့် ရေဖြူ(ထီဗွာ) အခြေခံပညာမူလတန်းလွန်ကျောင်းအား (၂၀၁၈-၂၀၁၉)ပညာသင်နှစ်တွင် အ.လ.က(ခွဲ)သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ ကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့် မဲဆန္ဒနယ် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်များစွာက စစ်ဘေးစစ်ဒဏ်ခံခဲ့ရပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနောက်ကျကျန်ရစ်တဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ အထူးသဖြင့် တောင်ငူ-လွိုင်ကော်-ဟိုပုန်းလမ်းမရဲ့ အရှေ့ဘက်ခြမ်းနဲ့ ကယားပြည်နယ် နယ်စပ် တောင်ဘက်ခြမ်း ကျေးရွာအုပ်စုများဟာဆိုရင် ပိုမိုနောက်ကျကျန်ရစ်တာ တွေ့ရှိရမှာဖြစ်ပါ တယ်။ အဲဒီထဲမှာမှ ပါလောပါကယ်ကျေးရွာအုပ်စု၊ နောင်လတ်ကျေးရွာသည် အိမ်ခြေ ၄၀၉ အိမ်၊ လူဦးရေ ၂၀၀၀ ကျော်နေထိုင်လျက်ရှိပြီးတော့ အခြေခံပညာမူလတန်းလွန်ကျောင်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ စတင်အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိပြီးတော့ ကျောင်းသားကျောင်းသူ ၃၁၀ ဦး ပညာသင်ကြားလျက်ရှိကြပါတယ်။ စာသင်ကျောင်းဆောင်အနေနဲ့ ကိုယ့်အားကိုယ်ကိုးဆောက်လုပ် ခဲ့တဲ့ အလျား ၅၄ ပေ အနံ ၂၇ ပေရှိ မူလစာသင်ဆောင်တစ်ဆောင်၊ ဂျပန်စေတနာအဖွဲ့မှ လှူဒါန်းပေးတဲ့ ပေ ၁၂၀၊ ပေ ၃၀ တစ်ဆောင်ရှိသော်လည်း ကျောင်းသားကျောင်းသူဦးရေ တိုးပွားလာ သဖြင့် ကြပ်တည်းစွာ ပညာသင်ကြားနေရသောကြောင့် ကျောင်းဆောင်သစ်တစ်ဆောင် ထပ်မံလိုအပ် လျက်ရှိပါတယ်။ ထို့အတူ နောင်ကျောကျေးရွာအုပ်စု၊ ရေဖြူကျေးရွာဟာ ဟိုပုန်း-ဆီဆိုင်-လွိုင်ကော်- တောင်ငူလမ်းမပေါ် ရှမ်း-ကယားနယ်စပ်မှာတည်ရှိပြီး အိမ်ခြေ ၃၂၈ အိမ်၊ လူဦးရေ ၁၅၉၂ ဦး နေထိုင်ပြီးတော့ ကယား၊ ကယန်း၊ ကရင်၊ ပအိုဝ်း၊ ဗမာ၊ ရှမ်းလူမျိုးနှင့် အခြားလူမျိုးများ ရောနှောနေ ထိုင်လျက်ရှိကြပါတယ်။ အခြေခံပညာမူလတန်းလွန်ကျောင်းကိုလည်း ၂၀၁၅-၂၀၁၆ ပညာသင် နှစ်တွင် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီးတော့ ၂၀၁၇-၂၀၁၈ ယခု ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၃၄၀ ဦး ပညာသင်ကြားလျက်ရှိပါတယ်။ တိုးတက်များပြားလာသော ကျောင်းသားဦးရေ

ကြောင့် ယခုကျောင်းဖွင့်ရာသီအစတွင် ယာယီကျောင်းဆောင်တစ်ဆောင်ကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ကြပါတယ်။ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်မှာ ပေ ၆၀ x ပေ ၃၀ အုတ်ညှပ်ဆောင် တစ်ဆောင် ဆောက်လုပ်ခွင့်ပြုရရှိခဲ့ပါတယ်။ အထက်ပါကျေးရွာနှစ်ရွာရှိ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများသည် တစ်နှစ်ထက်တစ်နှစ်များပြားလာပြီး အခြားအလယ်တန်း၊ အထက်တန်းကျောင်းများရှိရာသို့ သွားရောက်ပညာသင်ကြားနိုင်ရန် အခက်အခဲများစွာရှိကြောင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ခွင့်ပြုပေးနိုင်ပါရန် မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံစဉ် ဆန္ဒပြုပြောကြားလာပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်း ဖွင့်ခွင့်ရရှိခဲ့သော နောင်လတ်ကျေးရွာနှင့် ရေဖြူကျေးရွာနှစ်ရွာအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ခွင့်ပြုပေးပါရန်နှင့် လိုအပ်သော နောင်လတ်ကျေးရွာအတွက်၊ လိုအပ်သော ကျောင်းဆောင် တစ်ဆောင်အတွက် သင့်လျော်သော ကျောင်းဆောင်သစ်တစ်ဆောင် ချထားပေးနိုင်ရန်ရှိ/မရှိ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒနယ်ရှင်ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခွန်သန်းထူး ရဲ့မေးခွန်းဖြစ်သော ဆီဆိုင်မြို့နယ်၊ နောင်လတ်အခြေခံပညာ မူလတန်းကျောင်းအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အ.လ.က(ခွဲ)တိုးမြှင့်ပေးပါရန် လိုအပ်လျက်ရှိသော ကျောင်းဆောင်တစ်ဆောင် ချထားပေးနိုင်ပါရန်နှင့် ရေဖြူ(ထီဗွာ)အခြေခံပညာမူလတန်းလွန်ကျောင်းအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အ.လ.က(ခွဲ)သို့ တိုးမြှင့်ပေးနိုင်ရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလို ခြင်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကိုယ်စားလှယ်ကြီးရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဆီဆိုင်မြို့နယ်မှာ ယခု ဘဏ္ဍာရေးနှစ်အတွင်း အခြေခံပညာ မူလတန်းကျောင်း(ခွဲ) သုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခြောက်ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ အခြေခံ ပညာအထက်တန်းကျောင်း ခုနှစ်ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း စုစုပေါင်း အခြေခံပညာသင်ကျောင်း ၂၃ ကျောင်း တိုးချဲ့ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင် မြို့နယ်၊ ရေဖြူ(ထီဗွာ) အခြေခံပညာမူလတန်းလွန်ကျောင်းမှာ စုစုပေါင်း အလယ်တန်းအဆင့်သင်

ကျောင်းသား ၇၀ ဦးပဲရှိပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တော်ကြီးနှင့် ဒေသခံပြည်သူများရဲ့ ဆန္ဒအရ စိစစ်တဲ့အခါမှာ ပင်မကျောင်းဖြစ်တဲ့ ကန်တော်ကလေးအခြေခံပညာအလယ်တန်းကျောင်းနှင့် လမ်းခရီး လေးမိုင်၊ ကျောင်းအဆင့်အမှန်ဖြစ်တဲ့ နောင်လတ်အခြေခံပညာမူလတန်းလွန်ကျောင်းမှာ စုစုပေါင်း အလယ်အဆင့်သင် ကျောင်းသား ၄၃ ဦးသာဖြစ်သော်လည်း ပင်မကျောင်းဖြစ်တဲ့ စိုက်ခံ အခြေခံပညာအထက်တန်းကျောင်းနှင့် ၁၂ မိုင်အကွာမှာ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျောင်းအဆင့်တိုးခြင်း မူများနှင့် ပြည့်စုံစွာကိုက်ညီခြင်း မရှိစေကာမူ ဒီဖြေလျော့ပြီး ကိုယ်စားလှယ်တော်ကြီးနှင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအဆင့် တိုးမြှင့်ခြင်းများ ဆောင်ရွက်တဲ့အခါမှာ ဒီအခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

နောက်တစ်ကျောင်းဖြစ်တဲ့ ဆီဆိုင်မြို့နယ်၊ နောင်လတ်အခြေခံပညာမူလတန်းလွန်ကျောင်းမှာတော့ ကျောင်းဆောင်အနေနဲ့ ပေ ၆၀ x ပေ ၃၀ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်ဆောင်တစ်ဆောင်၊ ပေ ၁၂၀ x ပေ ၃၀ သွပ်မိုး၊ အုတ်ညှပ်၊ အင်္ဂတေခင်းတစ်ထပ်ဆောင်တစ်ဆောင်၊ ၂၄ ပေ x ၁၂ ပေ သွပ်မိုး၊ ဝါးကာ၊ မြေခင်းတစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်း စာသင်ဆောင်သုံးဆောင်ရှိပြီး ကျောင်းသားအင်အားမှာ မူလတန်းဆင့် ၂၆၃ ဦး၊ အလယ်တန်းအဆင့် ၄၃ ဦး စုစုပေါင်း ၃၀၆ ဦးဖြစ်တဲ့အတွက် စာသင်ခန်းအနေအထားမှာ လုံလောက်မှုတစ္စာရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် လျာထားခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**တောင်ကုတ်မြို့နယ်၊ ကမ်းဒေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ကျောင်းအဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်ရှင်။ ဒီကနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ တောင်ကုတ်မြို့နယ်၊ ကမ်းဒေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ကျောင်းအဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တောင်ကုတ်မြို့နယ်၊ ကမ်းဒေးကျေးရွာမှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား တောင်ကုတ်-သံတွဲ ကားလမ်းမကြီးဘေးမှာ တည်ရှိပြီးတော့ တောင်ကုတ်မြို့နယ်အထက်တန်းကျောင်းနဲ့ ၁၃ မိုင်ကွာဝေးပါတယ်။ ကမ်းဒေးကျေးရွာနဲ့ အနီးအနားကျေးရွာပေါင်း ၁၀ ရွာကျော်မှ ကျောင်းသူကျောင်းသားများမှာ ၁၃ မိုင်ကွာဝေးသော တောင်ကုတ်မြို့နယ်အထက်တန်းကျောင်းသို့ တက်ရောက်ရန်မှာလည်း အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့နေရပါတယ်ရှင်။ ထိုကျောင်းကို ၁၉၆၀ ပြည့်နှစ်မှာ မူလတန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၂ ခုနှစ် ဇွန်လတွင် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအဖြစ် သင်ကြားခဲ့ပါတယ်။ ၁၉၉၁ ခုနှစ် ဇွန်လတွင် အလယ်တန်းကျောင်း၊ ၂၀၁၁ ခုနှစ် မတ်လတွင် တွဲဖက်

အခြေခံပညာကျောင်းအဖြစ်သို့လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အခြေခံပညာကို ဆက်လက်သင်ကြားလျက်ရှိပါတယ်။ ယခုအခါ ကျောင်းသားဦးရေတိုးပွားလာခြင်းကြောင့် အနီးအနားလမ်းတစ်လျှောက်ရွာများတွင် အခြေခံပညာ အထက်တန်းကျောင်းမရှိ၍ အခက်အခဲဖြစ်နေကြရပါတယ်။ အ.ထ.က(ခွဲ)ကမ်းဒေးအား အ.ထ.က အဆင့်ဖွင့်လှစ်တိုးမြှင့်မယ်ဆိုပါက အနီးအနားပတ်ဝန်းကျင်ကျေးရွာမှ မူလတန်းနှင့် မူလတန်းလွန် ကျောင်းများမှ ကျောင်းသားကျောင်းသူအားလုံး ပညာသင်ကြားရန်၊ သွားရေးလာရေး အဆင်ပြေပြီး တော့ စိတ်အေးလက်အေးနဲ့ ပညာသင်ကြားနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပင်မကျောင်းဆောင်ကြီးမှာလည်း မူလတန်းကျောင်းစတင်ဖွင့်လှစ်သည်မှ ယနေ့အထိဖြစ်ပါတယ်။ ကျောင်းဆောင်ရဲ့သက်တမ်းမှာ ၅၇ နှစ်ရှိပြီး ကျောင်းဆောင်မှာ အိုမင်း ရင့်ရော်နေပြီး အန္တရာယ်ရှိနေပါတယ်။ ထိုရွာမှကျောင်းအုပ်ကြီးနှင့် ရွာသူရွာသားများမှာ သက်ဆိုင်ရာ ဌာနများသို့ အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့ကြသော်လည်း ကျောင်းဆောင်ရရှိခဲ့ခြင်းမရှိပါဘူး။ ကျောင်းဆောင်ကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် တိုးချဲ့သော်လည်း စာသင်ခန်းအင်္ဂါရပ်နှင့် လုံးဝကိုက်ညီ မှုမရှိတဲ့အတွက်ကြောင့် ကျောင်းဆောင်သစ်ကိုတင်ပြရခြင်းဖြစ်ပါတယ်။ ယခုအခါ ပင်မကျောင်း ဆောင်ရဲ့အပေါ်ထပ်ဟာ အင်မတန်အန္တရာယ်ရှိနေပါတယ်။ ကျောင်းရဲ့အနေအထားကို Power Point ဖြင့် ပြခွင့်ပြုပါရှင်။ ဒါဆိုရင် စာသင်ကျောင်းရဲ့ နောက်ကျောအနေအထား ပျက်စီးနေတဲ့ပုံကိုမြင်ရပါ တယ်။ ဒါဟာ မြေပြင်မှာဆိုရင် ဒီထက်မကပိုပြီးဆိုးရွားပါတယ်။ ဒါ ကျောင်းနေရာ ရှေ့ကနေ မျက်နှာစာ မှာ ကျောင်းနေရာတိုးချဲ့ထားပါတယ်။ ဒီမှာ စာသင်ကြတဲ့အခါမှာ မိုးရာသီဆိုလို့ရှိရင် မိုးပက်တဲ့အတွက် စာသင်ကြားရတာ တော်တော်အခက်အခဲဖြစ်ပါတယ်။ ဒါ ကျောင်းရဲ့အပေါ်ထပ် မျက်နှာကြပ်တွေနဲ့ အကာတွေဟာ တချို့ဟာတွေဆိုရင် ဆွေးမြည့်နေပြီဖြစ်ပါတယ်။ ဒါဟာလည်း မိုးယိုတဲ့အတွက်ကြောင့် မို့လို့ ဒါမြင်လို့ ကြည့်မကောင်းပါဘူး။ ဒါ ခေနိတွေနဲ့ကာထားရတဲ့ပုံဖြစ်ပါတယ်။ ဒါကျောင်းရဲ့အပေါ်ထပ် ဆွေးမြည့်နေတဲ့ပုံဖြစ်ပါတယ်။ ဒါလည်း မျက်နှာကြပ်တွေနဲ့ အကာတွေဟာ မိုးပက်တဲ့အတွက်ကြောင့် မို့လို့ တချို့အကာအရံတွေဆိုလို့ရှိရင် ဆွေးမြည့်နေပါပြီ။ ဒါ ကျောင်းရဲ့မျက်နှာစာအနေအထားပါ။ ဒါဟာ ခုနက အောက်ကပုံလေးဆိုလို့ရှိရင် ကျောင်းရဲ့အောက်ထပ်ဆိုလို့ရှိရင် တိုးချဲ့ထားတာဖြစ်ပါ တယ်။ အဲဒီမှာဆိုရင် မိုးရာသီ မိုးရွာတိုင်း မိုးပက်တဲ့အတွက်ကြောင့်မို့လို့ ကျောင်းသားတွေဟာ စာသင် ကြားရတဲ့နေရာမှာ အခက်အခဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးရှင်။ ကျောင်းအသစ်ဆောက်လုပ်ရန်မြေနေရာမှာလည်း အဆင်သင့်ရှိပါတယ်။ ထို့အပြင် ကျောင်းအဆင့် တိုးမြှင့်ပေးရန်မှာလည်း အမှန်တကယ်လိုအပ်နေတဲ့အတွက်ကြောင့် အထက်ပါမေးခွန်းအား လေးစားရသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ

ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်နီနီမေမြင့်၏မေးခွန်းဖြစ်သော တောင်ကုတ်မြို့နယ်၊ ကမ်းဒေးကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အား ကျောင်းအဆင့်တိုးမြှင့်ပေးသွားရန်နှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ရဲ့ တောင်ကုတ်မဲဆန္ဒနယ်တွင် ယခုပညာသင်နှစ်မှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ပေါင်း ၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းပေါင်း ၃ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၁ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၃ ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း ၁ ကျောင်း စုစုပေါင်းအခြေခံပညာကျောင်းပေါင်း ၁၂ ကျောင်း ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့မှာ ကျောင်းအဆင့် တိုးမြှင့်ရေးအတွက် သတ်မှတ်ချက်များ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ တင်ပြပြီးဖြစ်ပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် ဒေသခံပြည်သူများ၏ဆန္ဒအရ စိစစ်တဲ့နေရာမှာ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ကမ်းဒေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ ပင်မကျောင်းဖြစ်တဲ့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနဲ့ ကုန်းလမ်းခရီး ၁၂ မိုင်ကျော်ခန့် ကွာဝေးတာ တွေ့ရပါတယ်။ စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသူကျောင်းသား ၆၄ ဦးရှိ သော်လည်း ဒေသခံကျောင်းသူကျောင်းသားများရဲ့ ပညာသင်ယူမှုအခွင့်အလမ်း ရရှိစေရန်အတွက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်တဲ့အခါမှာ ဒီကျောင်းကို လည်း အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ဒီကျောင်းစိစစ်တဲ့အခါမှာ ၉၇ ပေ x ၂၇ ပေ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ဆောင် တစ်ဆောင်၊ ပေ ၉၀ x ပေ ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်း နှစ်ဆောင်ရှိပြီး ကျောင်းသားကျောင်းသူဦးရေအနေနဲ့ မူလတန်းအဆင့်မှာ ၁၃၀ ဦး၊ အလယ်တန်းအဆင့်မှာ ၂၀၂ ဦး၊ အထက်တန်းအဆင့်မှာ ၆၄ ဦး စုစုပေါင်း ၃၉၆ ဦး ရှိပါတယ်။ ဒီအတွက် ယခုပညာသင်နှစ်အနေနဲ့ ဒီကျောင်းသားအင်အားနဲ့ စာသင်ဆောင်ဧရိယာ လုံလောက်မှုတ စွာ ရှိနေသေးကြောင်း တွေ့ရှိရတဲ့အတွက် ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ကျောင်းဆောင်သစ်တစ်ဆောင် ထပ်မံဆောက်လုပ်ပေးရန် ဦးစားပေးအစီအစဉ်တွင်မပါရှိသော်လည်း ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှ ပေ ၉၀ x ပေ ၃၀ Type-C တစ်ဆောင် ဆောက်လုပ်ပေးရန် စီစဉ်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ကျွန်းစုမြို့နယ်အတွင်းရှိ ကျောင်း(၂)ကျောင်းအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းမှာ တနင်္သာရီ တိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်းရှိ ယခင်ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ထားသည့်

ကျောင်းနှစ်ကျောင်းအား အသစ်ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အမှတ်(၁၁) ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ မကျီးကျွန်း အ.မ.က ကျောင်းသည် လွန်ခဲ့သည့် ၁၉၈၇ ခုနှစ်မှစ၍ နှစ်ပေါင်း ၃၀ နီးပါး ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်၍ ပညာသင်ကြားနေခဲ့ရာမှ ယခုနှစ်မှစ၍ အ.မ.က ကျောင်းအဖြစ် Sanction တောင်းခံရာမှ တိုးမြှင့်ပေးခဲ့ပြီးဖြစ်ရာ ယခင်ကျောင်းအနေအထားမှာ ဥပဓိရုပ်မကောင်းသည့်အပြင် အန္တရာယ်ရှိကျောင်းဆောင်အဖြစ် တည်ရှိနေပါသဖြင့် ကျောင်းသူကျောင်းသားများ ပညာသင်ကြားရေးတွင် အခက်အခဲများ ကြုံတွေ့နေရပါသည်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် ပန်ကြားအပ်ပါတယ်။ အဲဒါက မကျီးကျွန်းကျောင်းရဲ့အနေအထား မျက်နှာစာဖြစ်ပါတယ်ရှင်။ ကျောင်းရဲ့ပျက်စီးနေတဲ့အနေအထားများ ဖြစ်ပါတယ်။ တစ်ဖန် ကျွန်းစုမြို့နယ်၊ ကပကျေးရွာအုပ်စု၊ ကဒဲကဒွတ်ကျေးရွာကျောင်းမှာလည်း ယခင်နှစ်ကစ၍ မူလွန်အ.မ.ကအဖြစ် Sanction တောင်းခံရာမှ တိုးမြှင့်ပေးခဲ့ပြီးဖြစ်၍ လက်ရှိကျောင်းဆောင်သည် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသည့်ကျောင်းဖြစ်၍ ပေ ၂၀ x ပေ ၄၀ သာရှိပြီး အလွန်တရာကျဉ်းမြောင်းလှသည်ဖြစ်၍ အဆိုပါကျောင်းဆောင်တွင် မြေနှစ်ဧကရှိသည့်အပြင် ကျောင်းဆောင်အသစ်ဆောက်လုပ်ရန် အမှုတွဲလည်း တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်ရှင်။ အဲဒါကတော့ ကဒဲကဒွတ်ကျောင်းရဲ့အနေအထားဖြစ်ပါတယ်ရှင်။ သို့ပါ၍ အဆိုပါ မကျီးကျွန်း အ.မ.ကနှင့် ကဒဲကဒွတ်မူလွန်ကျောင်းတို့အား အသစ်ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးပါမည်နည်း၊ မရှိဟုဆိုပါက အဘယ်ကြောင့်နည်း ဒေသခံမဲဆန္ဒရှင်များ၏တောင်းဆိုချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပေးရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်တင်တင်ရီ၏မေးခွန်းဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျောင်းနှစ်ကျောင်းအား အသစ်ထပ်မံဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုဘဏ္ဍာရေးနှစ်အတွင်း ကျွန်းစုမြို့နယ်အတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေလုံးငွေရင်းရန်ပုံငွေကျပ်သိန်းပေါင်း ၅၄၆၀ ခွဲဝေလျာထားပြီး လုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ မကျီးကျွန်းကျေးရွာ အခြေခံ

မူလတန်းကျောင်းကို စိစစ်ရာမှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်း အဆင့်မှ အခြေခံပညာမူလတန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရရှိခဲ့တဲ့ကျောင်း ဖြစ်ပါတယ်။ ဒီကျောင်းမှာ ၃၆ ပေ x ၂၄ ပေ ဓနိမိုး၊ ထရံကာတစ်ထပ်ဆောင်တစ်ဆောင်၊ ကျောင်းသားကျောင်းသူ ဦးရေအနေနဲ့ စုစုပေါင်း ၁၀၇ ဦးရှိပါတယ်။ ကဒဲကဒွတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း မှာတော့ ၆၀ ပေ x ၃၀ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်၊ ၃၀ ပေ x ၂၀ ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်နှင့် ၁၈ ပေ x ပေ ၂၀ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်းစာသင်ဆောင် သုံးဆောင်ရှိပြီး ကျောင်းသားကျောင်းသူဦးရေအနေနဲ့ မူလတန်း အဆင့်မှာ ၇၁ ဦး၊ အလယ်တန်းအဆင့်မှာ ၃၆ ဦး စုစုပေါင်း ၁၀၇ ဦးသာရှိသည့်အတွက် လက်ရှိ အခြေအနေမှာ စာသင်ခန်းဧရိယာနှင့် အခြားကျောင်းများနှင့်နှိုင်းယှဉ်ပါက လုံလောက်မှုတမှုရှိပါ ကြောင်း တွေ့ရှိရပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးနဲ့ ဒေသခံပြည်သူများ တင်ပြအချက် အပေါ် ဖြည့်ဆည်းပေးသောအားဖြင့် ကျွန်းစုမြို့နယ်၊ မကျီးကျွန်းကျေးရွာ အခြေခံမူလတန်းကျောင်း အတွက်ကိုတော့ ၂၀၁၇-၂၀၁၈ ငွေလုံးငွေရင်းမှာ ဦးစားပေးမဖြစ်သော်လည်း သာမန်အသုံးစရိတ်ငွေ ခေါင်းစဉ်အောက်မှ ပေ ၆၀ x ပေ ၃၀ Type-C တစ်ဆောင် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပဲ ကဒဲကဒွတ်ကျေးရွာအနေနဲ့ကတော့ ကျောင်းသားနှင့် စာသင်ခန်းလုံလောက်မှုတမှုရှိနေသေးတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တော့ ငွေလုံးငွေရင်းရန်ပုံငွေလျာထားခြင်းမရှိသေးပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ လာသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ (၃၁-၇-၂၀၁၇ ရက်နေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး သတ္တမနေ့ (၃၀-၁၀-၂၀၁၇ ရက်နေ့)တွင် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါ တယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁-၁၁-၂၀၁၇ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ငါးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း ၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု

ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၈၉ ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့်အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းကို ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး၏ သတ္တမနေ့ဖြစ်တဲ့ ၃၀-၁၀-၂၀၁၇ ရက် (တနင်္လာနေ့)မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုကိုလည်း ၁-၁၁-၂၀၁၇ ရက်(ဗုဒ္ဓဟူး)နေ့ နောက်ဆုံးထား ၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ပုလဲမဲဆန္ဒနယ် မှ ဒေါ်ခင်စန်းလှိုင်၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်နဲ့ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း စတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦး မှ ဆွေးနွေးရန်နဲ့ ပြင်ဆင်ချက်အဆိုများ တင်သွင်းလာခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ပြည်သူ့လွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၉-၁၁-၂၀၁၇ ရက်နေ့(ကြာသပတေးနေ့)တွင် ညှိနှိုင်းအစည်းအဝေး များ ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် အစည်းအဝေး၏သဘောတူ ဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် အတည်ပြုခဲ့သည့်အချက်များအနက် အချက် ၈၉ ချက်ကို အမျိုးသား လွှတ်တော်၏ အတည်ပြုချက်အတိုင်းသဘောတူလက်ခံခဲ့ပါတယ်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၃ | ၅ | အပိုဒ် ၁ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂၃) |
| (ဂ) | ၅ | ၁၀ | အပိုဒ် ၅ အပိုဒ်ခွဲ(ဂ) |
| (ဃ) | ၆ | ၁၂၊ ၁၄၊ ၁၅ | အပိုဒ် ၇၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄ |
| (င) | ၇ မှ ၁၄ | ၁၆ မှ ၂၀၊ ၂၂ မှ ၄၁ | အပိုဒ် ၄၁၊ အပိုဒ် ၄၅၊ အပိုဒ် ၄၈၊ အပိုဒ် ၅၂၊ အပိုဒ် ၅၄၊ အပိုဒ် ၆၅၊ အပိုဒ် ၆၈၊ အပိုဒ် ၇၂၊ အပိုဒ် ၇၅၊ အပိုဒ် ၈၄၊ အပိုဒ် ၈၅၊ အပိုဒ် ၈၇၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၅၊ အပိုဒ် ၁၀၆ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၀၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၁၀၊ အပိုဒ် ၁၁၄၊ အပိုဒ် ၁၁၈၊ အပိုဒ် ၁၂၄၊ အပိုဒ် ၁၂၇၊ အပိုဒ် ၁၂၉၊ အပိုဒ် ၁၃၁၊ အပိုဒ် ၁၃၄၊ အပိုဒ် ၁၃၅ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (စ) | ၁၅ မှ ၁၈၊ | ၄၃ မှ ၄၇၊ ၅၀၊ ၅၁ | အပိုဒ် ၁၄၂၊ အပိုဒ် ၁၄၄၊ အပိုဒ် ၁၄၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၄၉၊ အပိုဒ် ၁၅၈၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၅၈ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၁၉၀ အပိုဒ်ခွဲ(က) |
| (ဆ) | ၂၀ မှ ၂၅ | ၅၃ မှ ၆၆ | အပိုဒ် ၂၀၄၊ အပိုဒ် ၂၀၈၊ အပိုဒ် ၂၀၉၊ အပိုဒ် ၂၁၆၊ အပိုဒ် ၂၁၉၊ အပိုဒ် ၂၂၄၊ အပိုဒ် ၂၂၇၊ အပိုဒ် ၂၃၁၊ အပိုဒ် ၂၄၁၊ အပိုဒ် ၂၄၃၊ အပိုဒ် ၂၄၆၊ အပိုဒ် ၂၄၈၊ အပိုဒ် ၂၅၀ အပိုဒ် ၂၅၂၊ |
| (ဇ) | ၂၆ မှ ၃၆ | ၆၇ မှ ၇၅ | အပိုဒ်၂၅၉၊ အပိုဒ် ၂၆၃၊ အပိုဒ် ၂၆၄၊ အပိုဒ်၂၆၅၊ အပိုဒ် ၂၆၇၊ အပိုဒ် ၂၇၀၊ အပိုဒ် ၂၇၅၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၅၇ အပိုဒ်ခွဲ(ဂ) |
| (ဈ) | ၃၇ မှ ၄၂ | ၇၇၊ ၇၈၊ ၈၀ မှ ၉၃ | အပိုဒ် ၂၈၁၊ အပိုဒ် ၂၈၄၊ အပိုဒ်၂၈၈၊ အပိုဒ် ၂၉၀၊ အပိုဒ် ၂၉၉၊ အပိုဒ် ၃၁၆၊ အပိုဒ် ၃၃၆၊ အပိုဒ် ၃၄၉၊ အပိုဒ် ၃၅၆၊ အပိုဒ် ၃၅၈၊ အပိုဒ် ၃၅၉၊ အပိုဒ် ၃၆၂၊ |

| | | | |
|---|---|---|---|
| | | | အပိုဒ် ၃၆၉၊ အပိုဒ် ၃၇၁၊ အပိုဒ် ၃၇၂၊ အပိုဒ် ၃၇၇ |
| (ည) | ၄၄ မှ ၄၇ | ၉၆ မှ ၉၉ | အပိုဒ် ၄၀၇၊ အပိုဒ် ၄၀၉၊ အပိုဒ် ၄၁၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၁၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၄) အပိုဒ်ခွဲငယ် စိတ်(ကက) |
| (ဋ) | ၄၉၊ ၅၁ မှ ၅၂ | ၁၀၂၊ ၁၀၈၊ ၁၁၀၊ ၁၁၂ | အပိုဒ် ၄၂၇၊ အပိုဒ် ၄၄၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၄၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၄၂ အပိုဒ်ခွဲ(က) ခြေဆင်း |
| (ဌ) | ၅၆ မှ ၆၀ | ၁၁၉၊ ၁၂၁၊ ၁၂၃ | အပိုဒ် ၄၅၉ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၆၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၄၆၃ အပိုဒ်ခွဲ(က) |
| (ဍ) | ၆၃ မှ ၆၅ | ၁၂၉ | အပိုဒ် ၄၇၆ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက် ၈၉ ချက်ကို လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ၈၉ ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ၈၉ ချက်ကို အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်း ကော်မတီက သဘောတူထားတဲ့ ၈၉ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုး သားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ၄၀ ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညှိနှိုင်းအစည်းအဝေး၏ သဘောတူ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် အချက် ၄၀ ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက် ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၃ | ၂၊ ၃ | အပိုဒ် ၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ ဤဥပဒေရှိ အပိုဒ် ၁ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲ(၆)၊ အပိုဒ်(၁) အပိုဒ်ခွဲငယ် (၄၀) အပိုဒ်ခွဲငယ်စိတ်(ခခ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခဲငယ် (၃)၊ အပိုဒ် ၃၂၊ အပိုဒ် ၆၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၇၃၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၁၉၊ အပိုဒ် ၁၂၅၊ အပိုဒ် ၁၃၂၊ အပိုဒ် ၂၅၃၊ အပိုဒ် ၂၅၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၅၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၅၆၊ အပိုဒ် ၂၅၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၂၆၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၇၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၉၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၉၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)၊ အပိုဒ် ၂၉၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၉၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၉၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၀၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၀၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၁၂ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၃၁၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၁၅ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၁၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၃၂၁ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၃၂၁ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၃၂၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၂၄ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၃၂၅ ခေါင်းစဉ်၊ အပိုဒ် ၃၂၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၂၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၃၄၊ အပိုဒ် ၃၅၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၆၃၊ အပိုဒ် ၃၈၀၊ အပိုဒ် ၃၉၀၊ အပိုဒ် ၃၉၁ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၃၉၁ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၃၉၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၉၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၃၉၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၉၉၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၄၁၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)နှင့် အပိုဒ် ၁၄ အပိုဒ်ခွဲ(က)တို့ရှိ **အခြေပစ္စည်း သို့မဟုတ် ကုမ္ပဏီ၏ ပိုင်ဆိုင်ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်ပစ္စည်း** ဆိုသည့် စကားရပ်များကို **ရရန်ပိုင်ခွင့်များ** ဟု အသီးသီး ပြင်ဆင်ခြင်း |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (ခ) | ၃ မှ ၆ | ၄၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၃ | အပိုဒ် ၁ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁၄)၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂၄)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲ(၂၄)ကိုပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ်(၁) အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂၆) အပိုဒ်ခွဲငယ်စိတ်(ဂဂ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)ကိုပယ်ဖျက်ခြင်း |
| (ဂ) | ၈၊ ၁၄ မှ ၁၅ | ၂၁၊ ၄၂ | အပိုဒ် ၅၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၁၃၉ |
| (ဃ) | ၁၈ မှ ၁၉ | ၄၈၊ ၄၉၊ ၅၂ | အပိုဒ် ၁၇၅ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၁၉၀ အပိုဒ်ခွဲ(ခ) |
| (င) | ၃၆ မှ ၃၈ | ၇၆၊ ၇၉ | အပိုဒ် ၂၇၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၈၇ အပိုဒ်ခွဲ(စ)၊ |
| (စ) | ၄၂ မှ ၄၄ | ၉၄၊ ၉၅ | အပိုဒ် ၃၉၉ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၄၀၀ |
| (ဆ) | ၄၈ မှ ၅၅ | ၁၀၀၊ ၁၀၁၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၉၊ ၁၁၁၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ | အပိုဒ် ၄၂၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) အပိုဒ်ခွဲငယ်စိတ်(ခခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၄၂၈ အပိုဒ်ခွဲ(ခ)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄၂၈ အပိုဒ်ခွဲ(ဂ)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၄၃၂၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄၃၂ အပိုဒ်ခွဲ(ခ)ကိုပယ်ဖျက်ခြင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄၃၄ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၄၄၁၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)နှင့် (၃)၊ အပိုဒ် ၄၄၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၄၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၄၅၂၊ အပိုဒ် ၄၅၃၊ အပိုဒ် ၄၅၄ အပိုဒ်ခွဲ(င)၊ အပိုဒ် ၄၅၅၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄၅၈ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ခြင်း |
| (ဇ) | ၅၆မှ ၅၇၊ ၆၀ မှ ၆၃ | ၁၂၀၊ ၁၂၂၊ ၁၂၄၊ ၁၂၅၊ ၁၂၆၊ ၁၂၇၊ ၁၂၈ | အပိုဒ် ၄၆၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၄၆၃ ခေါင်းစဉ်၊ အပိုဒ် ၄၆၃ အပိုဒ်ခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၆၄၊ အပိုဒ် ၄၇၁ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄၇၆ ကိုပယ်ဖျက်ခြင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄၇၇ ကိုပယ်ဖျက်ခြင်း |

မူကြမ်း

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ရန် တင်ပြချက် အချက် ၄၀ ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံး ဥပဒေကြမ်းကော်မတီနဲ့ဝန်ကြီးဌာနတို့ ညှိနိုင်းဆွေးနွေးသဘောတူထားတာဖြစ်တဲ့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဘာမှ ပြောစရာမရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ၄၀ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၄၀ ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင် ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးအောင်ခင်ဝင်း၊ မြို့င်မဲဆန္ဒနယ်က တင်သွင်းသည့် ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့(၂၇-၁၀-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ကိုးဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းရဲ့ ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူ့သမိုင်းဆိုတာ လူသားတွေရဲ့ပြုမူဆောင်ရွက်ခဲ့တဲ့အရာများကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်သမိုင်းကိုယ်ရေးတယ်။ သမိုင်းမရိုင်းကြပါစေနဲ့လို့ ပြောဆိုနေကြခြင်းဖြစ်ပါတယ်။ တချို့လူသားတွေဟာ လူအများရဲ့စက်ဆုပ်ရွံ့ရှာမုန်းတီးခြင်းကို ခံကြရပြီး လူမသေခင်ကတည်းက နာမည်သေနေတဲ့လူတွေအများကြီး ရှိကြပါတယ်။ တချို့လူသားတွေကျတော့ လူအများရဲ့ချစ်ခင်ကြည်ညိုလေးစားမှုကို ခံကြရပြီးတော့ လူသေသော်လည်း နာမည်မသေတဲ့သူတွေ အများကြီးရှိကြပါတယ်ခင်ဗျား။ အဲဒါကတော့ အခြားသူတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ကျောင်းသားလူငယ်များရဲ့ခေါင်းဆောင်၊ တပ်မတော်ရဲ့ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ ကျွန်တော်တို့မြန်မာနိုင်ငံသူနိုင်ငံသားများရဲ့ ရင်ထဲအသဲထဲက နုတ်လို့၊ မေ့လို့၊ ဖျောက်လို့၊ ဖျက်လို့မရတဲ့ ကျွန်တော်တို့ရဲ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ဟာ ဗိုလ်ချုပ်အောင်ဆန်းကို ဘာဖြစ်လို့ ကျွန်တော်တို့က ရင်ထဲအသဲထဲက မေ့လို့မရဘဲနဲ့ ချစ်နေကြသလဲဆိုရင် ဆန်းစစ်ဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ ဗိုလ်ချုပ်အောင်ဆန်းကို ဗိုလ်ချုပ်တစ်ယောက်ဖြစ်နေလို့ ကျွန်တော်တို့ဟာ မေ့မရခြင်း ချစ်နေကြတာမဟုတ်

ပါဘူး။ ကျွန်တော်တို့ဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တိုင်းပြည်နှင့်လူမျိုးအပေါ်မှာထားရှိခဲ့တဲ့ ရိုးသား ဖြူစင်တဲ့စိတ်၊ စွန့်လွှတ်အနစ်နာခံရဲတဲ့စိတ်၊ တိုင်းပြည်နှင့်လူမျိုးအတွက်ဆိုရင် မိမိရဲ့အသက်ကို ပဓာန မထားဘဲနဲ့ ရဲရဲကြီးနဲ့ စွန့်လွှတ်အနစ်နာခံရဲတဲ့ အာဇာနည်စိတ်ဓာတ်ကို ကျွန်တော်တို့က ချစ်မြတ်နိုး ခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ငွေစက္ကူများပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဓာတ်ပုံကို ရိုက်နှိပ်ပြီးတော့၊ ဂုဏ်ပြုပြီးတော့ ဂုဏ်ယူမယ်ဆိုရင် အလွန်ကောင်းမွန်တဲ့ လုပ်ရပ်တစ်ရပ်ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ လက်ရှိအသုံးပြုနေတဲ့ ငွေစက္ကူများအပေါ်မှာရှိတဲ့ ဆင်ရုပ်နှင့် ခြင်္သေ့ရုပ် များနှင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်များကို ကျွန်တော်တို့က နှိုင်းယှဉ်ပြီးတော့ ဂုဏ်ယူပြီးတော့ ပြောကြ မယ်ဆိုရင် ဆင်ရုပ်များဟာ ကျွန်တော်တို့တိုင်းပြည်အတွက် သစ်တုန်းများကိုဆွဲနိုင်သော အလွန် အားကောင်းမောင်းသန်တဲ့ သတ္တဝါကြီးတစ်ကောင်လို့ ကျွန်တော်တို့က ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြောလို့ရပါတယ်။ ဒီလိုပါပဲ ခြင်္သေ့ရုပ်ကြီးဟာ တောဘုရင်လို့ဆိုရလောက်အောင် တောထဲမှာရှိတဲ့ သားရဲတိရစ္ဆာများကို ရက်ရက်စက်စက်ဖမ်းယူသတ်ဖြတ်စားသုံးနိုင်သော သတ္တဝါကြီးတစ်ကောင်လို့ ကျွန်တော်တို့ ဂုဏ်ယူပြီးတော့ ပြောဆိုလို့ရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုကျတော့ ဒီလိုမဟုတ်တော့ ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ကျွန်တော်တို့ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုမဓာန မထားဘဲ ရဲရဲကြီးစွန့်လွှတ်အနစ်နာခံရဲတဲ့ လွတ်လပ်ရေးဗိသုကာ အာဇာနည်ခေါင်းဆောင်ကြီး တစ်ယောက်ဖြစ်တယ်လို့ ကျွန်တော်တို့ဟာ ဂုဏ်ယူဝင့်ကြွားစွာနဲ့ပြောပြီးတော့ ဂုဏ်ပြုမယ်ဆိုရင် အားလုံးက မြန်မာတစ်နိုင်ငံလုံးကလည်း ဒီဟာကိုယှဉ်ပြီးတော့ ဂုဏ်ယူကြစတမ်းဆိုရင် ဘယ်အရာကို ပိုပြီးတော့ ဂုဏ်ယူဝင့်ကြွားစွာ ပြောမလဲဆိုတာ ကျွန်တော်မပြောရင်လဲ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေက အားလုံးသိရှိပြီးသားဖြစ်ပါတယ်။ ဒီနေရာမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံတွေကို ငွေစက္ကူ များပေါ်မှာရိုက်နှိပ်ထုတ်ဝေမယ်ဆိုရင် အထိုက်အလျောက်ငွေကြေးကုန်ကျတယ်လို့လည်း တချို့ ကတော့လည်းမြင်ကြပါတယ်။ ဒါကိုကျွန်တော့်အနေနဲ့ရှင်းပြပါရစေ။ အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းပုံကို ငွေစက္ကူများပေါ်မှာ ရိုက်နှိပ်ထုတ်ဝေလိုက်လို့ ကုန်ကျလာမယ့်ကုန်ကျစရိတ်နဲ့ ရရှိလာမယ့် အကျိုး ကျေးဇူးကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဆီးစေ့နဲ့ မြင့်မိုရ်တောင်လိုကွာခြားပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောပါရစေ။ ဘာဖြစ်လို့လဲဆိုတော့ အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းလို ကျွန်တော်တို့က ဗိုလ်ချုပ် အောင်ဆန်းပုံတွေကို ရိုက်နှိပ်ထုတ်ဝေလိုက်ပြီးတော့ အဲဒီပုံတွေကို နောင်အနာဂတ်မှာရှိတဲ့ နိုင်ငံသူ နိုင်ငံသားများက ဒီပုံတွေကိုကြည့်ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းလိုစိတ်ဓာတ်မျိုး ငါတို့မွေးမြူမဖြစ် မယ်ဆိုပြီးတော့ နှလုံးသွင်းပြီးတော့ နောင်အနာဂတ်မှာဆိုရင် ဗိုလ်ချုပ်အောင်ဆန်းလို စိတ်ဓာတ်တွေ ရှိတဲ့ ကျွန်တော်တို့ရဲ့အနာဂတ်ရဲ့ခေါင်းဆောင်တွေ မွေးထုတ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ငွေစက္ကူ ရိုက်ထုတ်လို့ကုန်တဲ့ ကုန်ကျစရိတ်ဟာ ဆီးစေ့လောက်အဆင့်ရှိပြီးတော့ ရရှိလာမယ့် အကျိုး ကျေးဇူးဟာ မြင့်မိုရ်တောင်ကြီးလိုကြီးမားပါတယ်လို့ ကျွန်တော့်အနေနဲ့ ဥပမာခိုင်းနှိုင်းပြောဆိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို တစ်ဖက်မှာလည်း ငွေစက္ကူများကို ရိုက်နှိပ်လို့ကုန်ကျမယ့်ငွေတွေရှိသလို တစ်ဖက်မှာလည်း တိုင်းပြည်အတွက် အလွန်ကြီးမားလှတဲ့ ခေါင်းဆောင်ကောင်းတွေ မွေးမြူနိုင်လာမယ့်အချက်ရှိတယ်ဆိုတာလည်း မမေ့ဖို့ အရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုတာကတော့ ငွေစက္ကူများပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းပုံတွေကို ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်းအားဖြင့် နောင်အနာဂတ်ရဲ့ ကျောင်းသားလူငယ်များ အနာဂတ်ရဲ့ တိုင်းသူပြည်သားများ၊ အနာဂတ်ရဲ့ နိုင်ငံသူနိုင်ငံသားများ ကလည်း ဗိုလ်ချုပ်အောင်ဆန်းလို ငါ့အတွက်၊ ငါ့မယားအတွက်၊ ငါ့သားသမီးအတွက်၊ ငါ့ဆွေမျိုး အတွက်၊ ငါ့အသိုင်းအဝန်းအတွက်ဆိုတဲ့ အတ္တစိတ်တွေကင်းစင်ပြီးတော့ ငါ့တိုင်းပြည်နှင့် ငါ့လူမျိုး အတွက်ပါဆိုပြီးတော့ စွန့်လွှတ်အနစ်နာခံရဲတဲ့ ရိုးသားဖြူစင်တဲ့စိတ်ဓာတ်တွေ မွေးမြူလာပြီးတော့ အဲဒီကျောင်းသားလူငယ်တွေက ဗိုလ်ချုပ်အောင်ဆန်းလို စိတ်ဓာတ်တွေမွေးမြူပြီးတော့ ဒီအနာဂတ်ရဲ့ ခေါင်းဆောင်တွေဖြစ်လာပြီးတော့ ဒီတိုင်းပြည်ကို ဦးဆောင်ဦးရွက်လုပ်ကာ နောင်အနာဂတ်ရဲ့ မြန်မာနိုင်ငံတော်ကြီးဟာ ကမ္ဘာ့အလယ်မှာ တင့်တယ်ထယ်ဝါပြီးတော့ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်သော ကမ္ဘာ့အလယ်မှာ ခေါင်းမော့ပြီး ရင်ကော့နိုင်သော မြန်မာနိုင်ငံကြီးဖြစ်ပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်းရင်းနဲ့ အဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက်နဲ့ ထောက်ခံဆွေးနွေးလိုက်ရပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးပဲ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ မြိုင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းရဲ့ ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုပ်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာပါခင်ဗျား။ ကျွန်တော်တို့ ငယ်စဉ်ကာလတစ်လျှောက်လုံး ကိုင်တွယ်သုံးစွဲခဲ့တဲ့ ငွေကြေးတွေမှာ ကျေးဇူးရှင်ဗိုလ်ချုပ်ရဲ့ပုံနဲ့ ရိုက်နှိပ်ခဲ့ကြတာဟာ လွတ်လပ်ရေးရကတည်းကပါ။ နိုင်ငံတကာငွေကြေးတွေမှာလည်း သူတို့နိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီးတွေ၊ အမျိုးသားခေါင်းဆောင်တွေ၊ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ပုံနဲ့ ဂုဏ်ပြုရိုက်နှိပ် ထားတာဟာ အစဉ်အလာတစ်ခုပါ။ အဲဒီခေါင်းဆောင်ကြီးတွေရဲ့ ရုပ်ပုံကို မြင်ခြင်းအားဖြင့် သူ့နိုင်ငံသားတွေဟာ မျိုးချစ်စိတ်ဓာတ်တွေ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တွေ၊ လေးစားအားကျစိတ်တွေ ဂုဏ်ဝင့်ကြွားစိတ်တွေ တစ်ဖွားဖွားဖြစ်ပေါ်စေတာပါ။ ကျွန်တော်တို့ငယ်စဉ်ဘဝတစ်လျှောက်လုံးမှာ ဗိုလ်ချုပ်ရဲ့အကြောင်းတွေ ကြားရ၊ သင်ရ၊ ဖတ်မှတ်ရတိုင်း ချစ်ခင်ကြည်ညိုစိတ်၊ လေးစားအားကျစိတ်၊ ဂုဏ်ယူဝင့်ကြွားစိတ်၊ အတုယူလိုစိတ်၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်တွေနိုးကြားလာစေခဲ့တာပါ။ အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်မိန့်ခွန်းတွေ၊ ဗိုလ်ချုပ်အောက်မေ့ဖွယ်သီးချင်းသံတွေ တစ်နိုင်ငံ လုံးလွှင့်ပျံ့လို့ ကျွန်တော်တို့တစ်တွေ လွမ်းစွတ်တသခဲ့ကြတာပါ။ ကျောင်းသင်ခန်းစာတွေမှာ၊ မဂ္ဂဇင်း တွေမှာ ဗိုလ်ချုပ်အကြောင်းအတွေကို တစ်ရှိုက်မက်မက်ဖတ်ရှုခဲ့ကြရပါတယ်။ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင် တပ်မတော်ဖခင် အာဇာနည်ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်တဲ့ အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံကြီးနဲ့ နောင်လာနောက်သားတွေအတွက် မီးရှူးတန်ဆောင်ပမာ ရှေ့ဆောင်

လမ်းပြစံနမူနာတွေထားခဲ့ပါတယ်။ အဲဒါတွေကတော့ (၁)အနေနဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ မဟုတ်ရင် မခံမှန်ရာကိုလုပ်ခြင်းပါ။ တိုင်းပြည်ခေါင်းဆောင်တွေဟာ တိုင်းပြည်အပေါ်မှာ၊ လူထုအပေါ်မှာ အစွမ်းကုန်ရိုးသားဖြောင့်မတ်ရမယ်။ မလိမ်မညာရဘူး။ ကိုယ်ကျိုးမရှာ လာဘ်မစားရဘူး။ တိုင်းပြည်ဘဏ္ဍာမခိုးရဘူးဆိုတဲ့ စံနမူနာပါ။ (၂)အချက်ကတော့ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် လိုအပ်လာရင် အသက်ကိုပင်စွန့်လွှတ်ပေးဆပ်ရမယ်ဆိုတဲ့ တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်ဓာတ်ပါ။ (၃)ကတော့ နိုင်ငံ့ခေါင်းဆောင်တွေဟာ ဉာဏ်ပညာအမြော်အမြင်ကြီးမားရမယ်ဆိုတဲ့အချက်ပါ။ အသက် ၃၀ ဝန်းကျင် ဗိုလ်ချုပ်ရဲ့ဉာဏ်အမြော်အမြင်ကို ယနေ့တိုင် လေ့လာစံပြုလို့မဆုံးတဲ့ သူ့မိန့်ခွန်းတွေက သက်သေပြနေပါတယ်။ (၄)အချက်ကတော့ တိုင်းပြည်အာဏာဆိုတာ ရွေးကောက်ပွဲကတစ်ဆင့် ပြည်သူတွေက တင်မြှောက်ရတယ်။ ပြည်သူလက်မခံတော့ရင် ဆင်းသွားမယ်ဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်ကို လမ်းပြခဲ့တာပါ။ အာဏာဆိုတာ လက်နက်အားကိုး အင်အားသုံးရယူအပ်တဲ့အရာမဟုတ်ဘူးဆိုတာကို ပြသပါတယ်။ (၅)အချက်ကတော့ အဓိကအကျဆုံးပါပဲ။ တိုင်းပြည်လွတ်လပ်ဖို့ဖြစ်စေ၊ ဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်စေ၊ ငြိမ်းချမ်းသာယာဖို့ဖြစ်စေ ပြည်ထောင်စုကြီးအတွင်းက သွေးချင်းညီအစ်ကိုတွေ စည်းလုံးညီညွတ်ရမယ်ဆိုတဲ့ ပင်လုံစိတ်ဓာတ်ကို မွေးဖွားပေးခဲ့တာပါ။ အဲဒီပင်လုံစိတ်ဓာတ်ဟာ တန်းတူညီမျှမှု၊ သာတူညီမျှမှုနဲ့ ကိုယ်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်တွေကို အာမခံခဲ့ပါတယ်။

နောက်ဆုံးစံနမူနာတစ်ချက်ကတော့ အပြီးသတ်လွတ်လပ်ရေးကြီးရယူနိုင်ဖို့၊ နိုင်ငံရေးလုပ်ဖို့အတွက် သူတည်ထောင်ခဲ့တဲ့ သူအလွန်ချစ်မြတ်နိုးတဲ့ တပ်မတော်က ထွက်ခဲ့တာပါ။ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကိုဝင်ပြိုင်ပြီးတော့ နိုင်ငံရေးလောကထဲကိုဝင် တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးရရှိအောင် စွမ်းဆောင်ခဲ့ပါတယ်။ အဲဒီလို ကျေးဇူးဂုဏ်တွေနဲ့ ပြည့်စုံတဲ့ ဗိုလ်ချုပ် ပြည်သူတွေရဲ့ ရင်ထဲအသဲထဲက ဗိုလ်ချုပ်ကို ပြီးခဲ့တဲ့ ကာလတစ်လျှောက်မှာ ငွေစက္ကူပေါ်က ဖယ်ရှားဖျောက်ဖျက်လိုက်တယ်။ ဌာနဆိုင်ရာရုံးတွေ၊ ကျောင်းတွေမှာ ခန့်ညားစွာချိတ်ဆွဲထားတဲ့ ဗိုလ်ချုပ်ပုံတွေကိုဖြုတ်ပစ်လိုက်တယ်။ နိုင်ငံအဝန်းအာဇာနည်နေ့အခမ်းအနားတွေ ပျောက်ကွယ်လုနီးပါးဖြစ်ပြီး ဗိုလ်ချုပ်မိန့်ခွန်း၊ ဗိုလ်ချုပ်သီးချင်းသံတွေ တိတ်ဆိတ်သွားစေခဲ့တယ်။ ဗိုလ်ချုပ်ပြတိုက်၊ ဗိုလ်ချုပ်ကြေးရုပ်တွေကို ပေါင်းမြက်တွေကြားမှာ သော့ခတ်ပိတ်ထားလိုက်တယ်။ ကျောင်းသင်ခန်းစာတွေမှာ ဗိုလ်ချုပ်အကြောင်းတွေကို ဖြုတ်ခဲ့လို့ လူငယ်မျိုးဆက်တွေ ကောင်းစွာမသိဖြစ်ခဲ့ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတွေရဲ့ရင်ထဲက ဗိုလ်ချုပ်ကိုဖယ်ရှားဖို့ ဗိုလ်ချုပ်ရဲ့သမိုင်းကို ဖျောက်ဖျက်ဖို့ ဗိုလ်ချုပ်ရဲ့ဂုဏ်သတင်းကို လုပ်ကြံခဲ့ကြပေမဲ့ အာဇာနည်မျိုးသေရိုးမရှိ အာဇာနည်တိုင်း သမိုင်းမသေတာ ဒီကနေ့သက်သေပါ။ ဗိုလ်ချုပ်ရဲ့အသက်သွေးနဲ့ ပေးဆပ်ရယူလို့ လွတ်လပ်ခဲ့ရတဲ့ ဒီမြေပေါ်နေ ဒီရေကိုသောက် ဒီလေကိုရှူတဲ့လူမှန်သမျှ ဗိုလ်ချုပ်ရဲ့ကျေးဇူးနဲ့ မကင်းကြပါဘူးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဗိုလ်ချုပ်လိုအာဇာနည်သူရဲကောင်းတွေ၊ သားကောင်းရတနာတွေပေါ်ထွန်းလာအောင်ပြုစုပျိုးထောင်မြေထောင်မြှောက်ပေးရပါမယ်။ ငွေစက္ကူတွေပေါ်မှာ ဗိုလ်ချုပ်ပုံရိုက်နှိပ်ခြင်းအားဖြင့် မြင်ရသူတွေမှာ လေးစားအားကျစိတ်၊ ဂုဏ်ယူဝင့်ကြွားစိတ်တွေ၊ တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်တွေ အားကျအတုယူလိုစိတ်တွေ တစ်ဖွားဖွားဖြစ်ပေါ်စေနိုင်ပါတယ်။ ငွေစက္ကူပေါ်က ဆင်ရုပ်၊ ခြင်္သေ့ရုပ်တွေမြင်လို့ကတော့ မည်သည့်မျိုးချစ်စိတ်၊ မည်သည့်တိုင်းချစ်

ပြည်ချစ်စိတ်၊ မည်သည့်ဂုဏ်ယူဝင့်ကြွားလေးစားအားကျအတုယူလိုစိတ်မှ ဖြစ်ပေါ်လာစေစရာ အကြောင်းမရှိနိုင်ပါ။ ဒါကြောင့် ဦးအောင်ခင်ဝင်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံရင်းနဲ့ ကမ္ဘာတည်သရွေ့၊ မြန်မာတည်သရွေ့ ထာဝရတည်ရှိနေမယ့် ဗိုလ်ချုပ်ရဲ့ သတ်လို့မသေ၊ ဆပ်လို့ မကျေတဲ့ ဂုဏ်ကျေးဇူးတွေကို ဒီနေရာက ဦးညွတ်ဂုဏ်ပြုရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြိုင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းရဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ သရက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကံမြင့်ကလည်းပဲ ၂၂-၁၁-၂၀၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဥ္စမနေ့မှာ မေးခွန်းမေးမြန်းခဲ့ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာ ကိုင်တွယ်သုံးစွဲနေတဲ့ ငွေစက္ကူအမျိုးမျိုးအပေါ်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ရုပ်ပုံပါတဲ့ ငွေစက္ကူ တွေနဲ့ ရိုက်ထုတ်သုံးစွဲရန် အစီအစဉ်ရှိ/မရှိကိုလည်း မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတစ်ခါမှာတော့ ဦးအောင်ခင်ဝင်းတင်သွင်းတဲ့ အဆိုအား ငွေစက္ကူတွေ ပျက်ဆီးခြင်းအမျိုးမျိုးကြောင့် လျော့နည်းသွားတာ၊ လုံခြုံရေးအဆင့်အတန်းတိုးမြှင့်တဲ့အခါ ဗိုလ်ချုပ် အောင်ဆန်းရဲ့ ရုပ်ပုံတွေနဲ့ထုတ်ဝေသွားဖို့အကြောင်း တိုက်တွန်းသွားတာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ကနေစပြီးတော့က နောက်ပိုင်းထုတ်ဝေမယ့်ငွေစက္ကူတွေကို ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံမျိုးစုံထဲက သင့်လျော်တဲ့ပုံတွေနဲ့ ရိုက်ထုတ်သွားဖို့ဆိုတဲ့ကိစ္စကတော့ ရေရှည်တည်တံ့ဖို့အရေးကြီးပြီးတော့ ဥပမာ အသစ်ထုတ်လုပ်လိုက်မယ့် ငါးထောင်တန်တွေ၊ တစ်သောင်းတန်တွေ ဒီငွေစက္ကူတွေဟာ အနှစ် ၅၀၊ ၁၀၀ ကြာသော်လည်းပဲ ဒီပုံစံအတိုင်း ရေရှည်တည်တံ့ဖို့ လိုပါတယ်။ ငွေစက္ကူပုံစံအမျိုးမျိုးရှိနေရင် ပြည်သူ များက ဒီငွေစက္ကူအပေါ်မှာ ယုံကြည်မှုအားနည်းလာနိုင်တယ်။ ငွေစက္ကူအပေါ်မှာ မရေမရာ၊ ဇဝေဇဝါတွေ ဖြစ်ပေါ်လာနိုင်တယ်လို့ စိုးရိမ်ကောင်းစိုးရိမ်နိုင်ကြပါတယ်။ ဦးအောင်ခင်ဝင်း တင်သွင်း တဲ့အဆိုဟာ ငွေစက္ကူတွေပုံစံအမျိုးမျိုးနဲ့ ဖောင်းပွနေဖို့ မဖြစ်နိုင်ပါဘူးခင်ဗျား။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အခန်း(၂)က ဥပဒေပုဒ်မ ၅ မှာ ဗဟိုဘဏ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ပြည်တွင်း ဈေးနှုန်းတည်ငြိမ်ဖို့နဲ့ ထိန်းသိမ်းဖို့လို့လည်းပါရှိပါတယ်။ အဲဒီတော့ ဒီပုဒ်မ ၆၅၊ ၆၆ ဒီပုဒ်မတွေဟာ လည်းပဲ ဦးအောင်ခင်ဝင်းတင်သွင်းတဲ့ အဆိုမှာ ထိခိုက်နိုင်စရာအကြောင်းမရှိပါဘူး။ စစ်မှန်တဲ့ ဒီမိုကရေစီအစိုးရလက်ထက်မှာဆိုရင် ပြည်သူများဟာ ငွေစက္ကူအပေါ်မှာ ယုံကြည်မှုအားနည်း နိုင်စရာအကြောင်းမရှိပါဘူး။ ငွေစက္ကူအပေါ်မှာ မရေမရာ၊ ဇဝေဇဝါမဖြစ်နိုင်ဘူး။ အာဏာရှင် လက်ထက်မှာတော့ ငွေတွေရိုက်ထုတ်လည်း ပြည်သူကမသိရဘူး။ ဖျက်သိမ်းလည်း ပြည်သူက မပြောရဲဘူး။ တစ်ကယ်တော့ ငွေစက္ကူအပေါ်မှာ ရိုက်ထုတ်ထားတဲ့ ငါးထောင်တန်တွေ၊ တစ်သောင်း

တန်တွေ တန်ဖိုးတွေဟာ အသုံးတန်ဖိုးတွေဖြစ်ပြီးတော့ ဗိုလ်ချုပ်ပုံပါတဲ့ ငွေစက္ကူကတော့ မြတ်နိုးတန်ဖိုး ဖြစ်မှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမတစ်ချက်အနေနဲ့ ဗိုလ်ချုပ်အကြောင်းတွေကိုတွေးရင် ဝမ်းနည်းစရာတွေ၊ ကြေကွဲစရာတွေပါပဲ။ ဗိုလ်ချုပ်ရဲ့ လုပ်ရပ်တွေကိုကြည့်လိုက်ရင် ဂုဏ်ယူစရာ၊ အားတတ်စရာ၊ အတုယူစရာ၊ လေးစားတန်ဖိုးထားစရာတွေပါခင်ဗျား။ အမျိုးသားခေါင်းဆောင်ကြီးရဲ့ တိုင်းပြည်ပေါ်မှာထားတဲ့စေတနာကို အောက်မေ့သတိရ ဂုဏ်ပြုကျေးဇူးဆပ်တာဖြစ်ပြီးတော့။ နောက်တစ်ချက်ကတော့ နောင်လာနောက်သားတွေ အတုယူအားကျဖို့၊ နိုင်ငံ့သားကောင်းတွေဖြစ်ဖို့၊ ကျေးဇူးရှင်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဆရာဂျမ်းစကားကို အငှားသုံးရရင် သူ့လိုကိုယ်ကျိုးစွန့်ဖို့ ငွေမခင်၊ ဂုဏ်မမက်၊ အာဏာအဆိပ်ထိပ်မတတ်ဘဲ သူရဲကောင်းတွေမွေးဖွားဖို့အတွက် ဦးအောင်ခင်ဝင်းရဲ့ အဆိုကို ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာတစ်ဝန်းလုံးမှာ သုံးစွဲနေကြတဲ့ ငွေစက္ကူနှင့် ငွေဒင်္ဂါးတွေရဲ့ မျက်နှာစာမှာဆိုရင်လည်း နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ အာဇာနည်ခေါင်းဆောင်ကြီးတွေ စတဲ့သူတွေရဲ့ ရုပ်ပုံလွှာတွေကို မြတ်နိုးတန်ဖိုးထားစွာဖြင့် ဂုဏ်ပြုနေရာပေးထားတာကို တွေ့မြင်နိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်လေးစားရတဲ့၊ တန်ဖိုးထားမြတ်နိုးရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးရန် လမ်းပြပေးခဲ့တဲ့ တိုင်းရင်းသားအားလုံးတို့ရဲ့ခေါင်းဆောင် လွတ်လပ်ရေးရဲ့ဗိသုကာ တပ်မတော်ရဲ့ဖခင်ကြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှာတော့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုတဲ့အနေနဲ့ ငွေစက္ကူများ၊ ငွေဒင်္ဂါးနဲ့ တံဆိပ်ခေါင်းများအပေါ်မှာပါရှိတဲ့ ဗိုလ်ချုပ်ရုပ်ပုံများဖြင့် ရိုက်နှိပ်ပြီး ထုတ်ဝေခြင်း၊ ဗိုလ်ချုပ်ရုပ်ထုများထုလုပ်ပြီး စိုက်ထူခြင်း၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်ချုပ်တံတား၊ ဗိုလ်ချုပ်ပန်းခြံအစရှိသဖြင့် အမည်မှည့်ခေါ်ပြီး ဂုဏ်ပြုခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဗိုလ်ချုပ်အောင်ဆန်းဟာ မသမာသူလူတစ်စုရဲ့ လုပ်ကြံသတ်ဖြတ်မှုကြောင့် အသက် ၃၂ နှစ်၊ ၅ လ၊ ၆ ရက်မှာပဲ တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင်လည်း အလွန်အတ္တကြီးတဲ့ လူတစ်စုရဲ့ မနာလိုမုန်းတီးမှုတွေကြောင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမိုင်းပုံရိပ်များကျဆင်းအောင်၊ မေ့ပျောက်အောင် ငွေစက္ကူများ၊ ငွေဒင်္ဂါးနဲ့ တံဆိပ်ခေါင်းများပေါ်မှာပါရှိတဲ့ ဗိုလ်ချုပ်ရုပ်ပုံများကို ဖယ်ရှားခြင်း၊ ကျောင်းနံရံတွေ၊ ရုံးနံရံတွေပေါ်ကနေ ဗိုလ်ချုပ်ရုပ်ပုံတွေကို ဖြုတ်ချခဲ့တဲ့အထိ ပြုလုပ်ခဲ့ကြတာ အားလုံးအသိပဲ ဖြစ်ပါ

တယ်။ ဒါ့အပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ဓာတ်ပုံကို နေအိမ်မှာချိတ်ဆွဲလို့ ဖမ်းဆီးထောင်ချခဲ့တာတွေ ဗိုလ်ချုပ်ပုံပါ တီရှပ်ဝတ်လို့ အာဇာနည်နေ့ ချီတက်အလေးပြုလို့ ဖမ်းဆီးထောင်ချခဲ့တာတွေကို ပြုလုပ်ပြီး သမိုင်းအမှောင်ချခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီလို ဆယ်စုနှစ်ပေါင်းများစွာ သမိုင်းအမှောင်ချခံရမှုတွေရဲ့ ဆိုးကျိုးကတော့ အချို့သောလူငယ်အများစုမှာ ဖေဖော်ဝါရီလ ၁၂ နေ့ ဖြစ်တဲ့ ပြည်ထောင်စုနေ့ကို တန်ဖိုးထားရမယ်၊ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရမယ်ဆိုတာကိုလည်း မသိကြတော့ပါ။ ဒါ့အပြင် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဟာ ပြည်ထောင်စုကြီး လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းပေးခဲ့တဲ့ ကျေးဇူးရှင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့ဖြစ်တယ်ဆိုတာကိုလည်း လူငယ်အများစုကမသိကြပဲ စာရိတ္တတွေကိုပျက်ပြားစေမယ့် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ကိုသာ လူငယ်အများစုက သိရှိနေကြတာဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့အနာဂတ်အတွက် ရင်လေးစရာပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်ကာလသို့ရောက်မှသာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံရဲ့ ကလေးများနေ့အဖြစ်သတ်မှတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်တဲ့ ကဗျာရွတ်ပြိုင်ပွဲများ၊ စာပေဟောပြောပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို နိုင်ငံအနှံ့အပြားမှာ ကျင်းပပြုလုပ်ပေးနေတာဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်လူငယ်တွေရဲ့ စိတ်ထဲမှာလည်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ စိတ်ဓာတ်တွေကိန်းအောင်းလာအောင်၊ အားကျအတုယူလာအောင် ကြိုးစားဖော်ဆောင်ပေးရမှာက ကျွန်တော်တို့အားလုံးရဲ့ သမိုင်းပေးတာဝန်ပါ။ ဒါ့ကြောင့် ရှေ့အနာဂတ်သစ်မှာ ရိုက်နှိပ်ထုတ်ဝေမယ့် ငွေစက္ကူများရဲ့အပေါ်မှာသာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေလိုက်မည်ဆိုပါက ကောင်းကျိုးများစွာကို ရရှိစေမှာဖြစ်ပါတယ်။ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်များကလည်း ငွေစက္ကူပေါ်မှာပါရှိတဲ့ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမည်နဲ့ သမိုင်းကိုသိချင်လို့ မေးလာပါလိမ့်မယ်။ အဲဒီလိုမေးလာတဲ့အခါမှာ လူကြီးမိဘတွေက ရှင်းပြတော့ ငယ်စဉ်ကပင် ဗိုလ်ချုပ်ရဲ့ရိုးသားဖြူစင်မှု၊ စွန့်လွှတ်အနစ်နာခံမှု၊ သစ္စာရှိမှု၊ အများအကျိုးဆောင်ရွက်လိုမှုစတဲ့ စိတ်ဓာတ်ကောင်းတွေ ကလေးသူငယ်များရဲ့ စိတ်ထဲမှာ ကိန်းအောင်းလာနိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီစနစ်အပေါ် အကျိုးပြုနိုင်မဲ့ လူငယ်အမြောက်အမြား ပေါ်ထွက်လာနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၆၇ ပုဒ်မခွဲ(က)တွင် ဗဟိုဘဏ်သည် မိမိထုတ်ဝေထားသည့် တရားဝင်သုံးစွဲလျက်ရှိသော ငွေကြေးများကို လက်ဝယ်ရှိသူများက လဲလှယ်ပေးရန် တောင်းခံလာပါက တန်ဖိုးအလိုက်လဲလှယ်ပေးရမည်ဟု ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ငွေစက္ကူဆိုတာ အကြောင်းအမျိုးမျိုးကြောင့် အလွယ်တကူ ပျက်စီးတတ်တဲ့ အရာပါ။ ဟောင်းနွမ်းစုတ်ပြဲ၊ ပျက်စီးသွားတဲ့ငွေစက္ကူများကို လဲလှယ်ပေးရန် တောင်းခံလာပါက တန်ဖိုးအလိုက်လဲလှယ်ပေးဖို့ ငွေစက္ကူအသစ်များကိုလည်း ထပ်မံရိုက်နှိပ်ထုတ်ဝေရမှာဖြစ်ပါတယ်။ တိုင်းပြည်ဘဏ္ဍာငွေလိုအပ်ချက်အရ အသစ်ရိုက်နှိပ်ထုတ်ဝေမယ့် ငွေစက္ကူများရဲ့အပေါ်မှာပါရှိမယ့် ခြင်္သေ့ပုံ၊ ဆင်ရုပ်ပုံတွေရဲ့နေရာမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံများနဲ့သာ အစားထိုးပေးရမှာဖြစ်လို့ ဘဏ္ဍာငွေကုန်ကျမှုလည်း မရှိနိုင်ပါဘူး။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဗိုလ်ချုပ်အောင်ဆန်းပုံပါ ငွေစက္ကူများကို ရိုက်နှိပ်သုံးစွဲခြင်းဖြင့် တိုင်းပြည်ရဲ့ဂုဏ်သိက္ခာ၊ မြန်မာငွေကျပ်ရဲ့တန်ဖိုးကိုလည်း မြှင့်တင်ပေးရာရောက်သလို ပြည်သူတွေရဲ့မျှော်လင့်ချက်ကိုလည်း ဖြည့်ဆည်းပေးရာရောက်ပါတယ်။ သို့ဖြစ်ပါ၍ မြိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းတင်သွင်းတဲ့ ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မြိုင်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် မြစ်ကြီးနားမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူထုရဲ့လုပ်ဆောင်ချက်သမိုင်းဟာ မှန်တယ်၊ မှားတယ်၊ ကောင်းတယ်၊ ဆိုးတယ်ဆိုတာ မိမိမရှိတော့တဲ့နောက်ပိုင်းကျမှ ပတ်ဝန်းကျင်လူတွေက ပွင့်ပွင့်လင်းလင်းဝေဖန်သုံးသပ်မှတ်တမ်းတင်ကြတယ်ဆိုတာ အားလုံးသိကြမှာဖြစ်ပါတယ်။ ဒီအချက်က ကျွန်တော်တို့နိုင်ငံ့ခေါင်းဆောင် လုပ်ကြမယ့်ပုဂ္ဂိုလ်တွေအထူးသတိပြုရမယ့်အချက်ဖြစ်တယ်ဆိုတာကိုလည်း ပြောပြလိုပါတယ်။ တချို့လူတွေက သမိုင်းကို မှားမှားမှန်မှန် ထုံးဖြည်ဖျောက်ထားပေးကြပြီး သူ့သမိုင်းပျောက်သွားအောင် ဆောင်ရွက်တတ်ကြပါတယ်။ ဒီလိုလူမျိုးတွေကို သမိုင်းတရာခံလို့ ခေါ်ဆိုကြပါတယ်။ နောက်ပြီး မပြီးဆုံးတဲ့သမိုင်းဖြစ်စဉ်အမှန်တွေကိုလည်း ဖုံးလိုဖုံး၊ ဖိလိုဖိ၊ ဖျောက်လိုဖျောက်။ ဒါမျိုးကို ဖော်ချင်သူဘက်ကလည်း ပေါ်လာအောင် ကြိုးစားဆောင်ရွက်နေရင် တစ်နေ့မဟုတ်တစ်နေ့ အမှန်တရားဖြစ်စဉ်တွေ ပြန်ပေါ်လာစမြဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတွေကို ကြည့်လိုက်တဲ့အခါမှာ မိမိနိုင်ငံရဲ့သမိုင်းအမှန်ကို နောက်ကွယ်ချန်မထားဘဲ ရှေ့တန်းတင်ထားပြီး နိုင်ငံ့ကောင်းကျိုး၊ ပြည်သူ့ကောင်းကျိုးကို တမူထူးခြားအနစ်နာခံ ဦးဆောင်ပေးခဲ့သူနိုင်ငံ့ခေါင်းဆောင်ကို နိုင်ငံ့၏ကျေးဇူးရှင်ဗိသုကာကြီးအဖြစ် အသိအမှတ်ပြုကြကာ ၎င်းတို့၏ကျေးဇူးတရားကို ဂါရဝရှေ့ထားပြီး တက်ညီလက်ညီ ကြိုးစားဆောင်ရွက်နေခြင်း၊ နောက်ပြီး နိုင်ငံသုံးငွေစက္ကူများ၌လည်း နိုင်ငံ့ခေါင်းဆောင်ပုံဖြင့် ရိုက်နှိပ်သုံးစွဲနေခြင်း ဒါတွေကြောင့်များလားတော့မသိ။ အဲဒီနိုင်ငံများဟာ တစ်နေ့တခြားအံ့မခန်းဖွံ့ဖြိုးတိုးတက်နေတာကို တွေ့မြင်နေကြရမှာဖြစ်သလို ဒါဟာနိုင်ငံ့ကျေးဇူးရှင်များရဲ့ကျေးဇူးကို သိတတ်ခြင်းရဲ့လက်တွေ့အကျိုးရလဒ်လို့ပဲ ကျွန်တော်ယူဆမိပါတယ်။ ဥပမာ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံ ဒါတွေက အမှန်တကယ်သက်သေပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့သမိုင်းကို ပြန်ကြည့်ရင် ကိုလိုနီခေတ် ကျွန်ဘဝမှ ပြန်လည်လွတ်မြောက်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြတဲ့ မြန်မာ့သူရဲကောင်း၊ နိုင်ငံရေးသမားများအထဲမှ တမူထူးခြားပြောင်မြောက်စွာ ပန်းတိုင်အရောက် ဦးဆောင်ခဲ့တဲ့ လွတ်လပ်ရေးဖခင်၊

တပ်မတော်ရဲ့ဖခင်၊ နောက်ပြီးတော့ ပြည်ထောင်စုဖြစ်ပေါ်လာအောင် စည်းရုံးဆောင်ရွက်ပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရဲ့ဗိသုကာကြီး အမျိုးသားခေါင်းဆောင်အဖြစ် အသိအမှတ်ပြုကြပြီး ဖြစ်တဲ့အတွက် သူ့သမိုင်း၊ သူ့ကျေးဇူးကို လုံးဝဖုံးဖိမထားသင့်ပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျပ်ငွေစက္ကူနဲ့ပတ်သက်ပြီး ပြန်တွေးကြည့်ရင် လူပုဂ္ဂိုလ်တော်တော်များများက ကြုံမြင်ယောင်နေပြီဖြစ်ကြမှာပါ။ လွတ်လပ်ရေးရပြီး ဖဆပလ အစိုးရမှ ပထမဦးဆုံးရိုက်နှိပ်သုံးစွဲခဲ့တဲ့ ငွေစက္ကူပေါ်မှာ ဗိုလ်ချုပ်ပုံ၊ ဆင်ရုပ်ပုံ၊ ဒေါင်းကပုံတွေနဲ့ထုတ်ပြီး ငွေစက္ကူမှာလည်း ငွေစက္ကူထုတ်ဌာန တိုင်း၌ လဲလှယ်ခွင့်ရှိကြောင်း အာမခံပါသည်။ စံလင်း၊ အုပ်ချုပ်ရေးမှူး၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဘဏ်ကိုယ်စားလှယ် ဆိုတဲ့ ငွေစက္ကူကို နိုင်ငံတကာဘဏ်နှင့်ချိတ်ဆက်ပြီး ငွေတန်ဖိုးအရှိ အတိုင်း လဲလှယ်ခွင့်ရှိတဲ့အာမခံငွေစက္ကူကို ထုတ်သုံးနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမြန်မာကျပ်ငွေခိုင်မာတောင့်တင်းပြီး နိုင်ငံတကာနှင့်ချိတ်ဆက်နေတဲ့ အချိန် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာတော့ ဗိုလ်ချုပ်ကြီးနေဝင်းအုပ်စုမှ နိုင်ငံတော်အာဏာကို သိမ်းယူလိုက်ပြီး တော်လှန်ရေးကောင်စီအစိုးရခေတ်၊ ပါတီကောင်စီအစိုးရခေတ်၊ ယင်းခေတ်နှစ်ခေတ် မှာတော့ ငွေစက္ကူပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံကို ပုံစံအမျိုးမျိုးနဲ့ ထုတ်သုံးလာခဲ့ကြရာမှ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာတော့ နိုင်ငံသုံးငွေဖျက်သိမ်းလိုက်ပြီး ငွေစက္ကူပေါ်မှ ဗိုလ်ချုပ်ရဲ့ပုံ ကို လုံးဝခွာချခံလိုက်ရခြင်း၊ ယင်းနေ့မှစ၍ ဒီနေ့အထိတိုင် ဗိုလ်ချုပ်ရဲ့ပုံ ပျောက်ကွယ်နေရခြင်း ဖြစ်ပါ ကြောင်း၊ ဒီလိုမျိုးလုပ်ရပ်တွေ မဖြစ်သင့်တဲ့လုပ်ရပ်လို့ တင်ပြဆွေးနွေးအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အရင်အစိုးရလက်ထက် နိုင်ငံ့ခေါင်းဆောင်ပုဂ္ဂိုလ်တချို့က ဗိုလ်ချုပ်အောင်ဆန်းအပေါ်မှာ ဘယ်လိုပဲ မြင်မြင်၊ ဘယ်လိုပဲခံယူထားကြပါစေ။ နောက်ပြီး ကျေးဇူးတရားသိလျက်နှင့် မသိဟန်ဆောင်နေသည် ဖြစ်ပါစေ သူ့အကြောင်းနှင့်သူ သွားပါလိမ့်မယ်။ အရေးကြီးတာက လက်ရှိအစိုးရအား နိုင်ငံ့အတွက် လုပ်စရာရှိတာ ဆက်လုပ်ဖို့နဲ့ သတိထားဖို့လိုတာကတော့ ပြည်သူရဲ့ကျေးဇူးမမေ့ဖို့နဲ့ ဗိုလ်ချုပ် အောင်ဆန်းရဲ့ကျေးဇူးကို မမေ့ဖို့ အထူးလိုအပ်ပါကြောင်း။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူး သိတတ်တဲ့အနေဖြင့် ပထမဦးဆုံး ဖဆပလအစိုးရထုတ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းပုံပါငွေစက္ကူကို အရင်အရောင်ပုံစံအတိုင်း ပြန်လည်ထုတ်သုံးပါက အခုသက်ရှိထင်ရှားရှိနေကြတဲ့ ရှေးမီနောက်မီ လူကြီးမိဘများက ရှေးဟောင်းနှောင်းဖြစ်တွေ စမြုံ့ပြန်ပြောကြားခြင်း ဘယ်လောက်များဝမ်းသာပီတိ ဖြစ်ကြမလဲမသိ။ နောက်ပြီး အဲဒီခေတ်ကို မမီခဲ့သော ခေတ်လူငယ်များလည်း ကြားဖူးနားဝသာရှိခဲ့ သမိုင်းအမှန်ကို လက်တွေ့မြင်ကြပြီး နိုင်ငံရဲ့သမိုင်းအမှန်အပေါ်မှာ မျိုးဆက်သစ်လူငယ်များ မားမားမတ်မတ်ရပ်တည်လိုစိတ် ပွားများလာခြင်းအကျိုးတွေဖြစ်လာမယ်။ နောက်ပြီးအဲဒီငွေစက္ကူကို တောင်ပေါ်မြေပြန့်အနှံ့ အမြန်ဆုံးသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးနိုင်ရင် ပြည်သူလူထုရဲ့ဝမ်းမြောက် ကြည်နူးပီတိဖြစ်မှုရဲ့မင်္ဂလာရလဒ်ကြောင့် နိုင်ငံ့အတွက် မမျှော်လင့်တဲ့ ကောင်းကျိုးပေါ်လာနိုင်တယ် လို့ ထင်မြင်ယူဆချက်တစ်ခုတင်ပြဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့နောက်ဆက်တွဲဇယား(၁)အရ ငွေစက္ကူထုတ်လုပ် ရေး၊ ဒင်္ဂါးထုတ်လုပ်ရေးသည် ပြည်ထောင်စုအဆင့်မှသာ လုပ်ပိုင်ခွင့်အာဏာရှိပြီး နောင်ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံဖြစ်ပေါ်လာရင်လည်း ယင်းလုပ်ငန်းသည် ပြည်ထောင်စုဗဟိုအစိုးရကသာ

လုပ်ဆောင်ရမှုသာဖြစ်တဲ့အတွက် အခုကတည်းက ကြိုတင်ပြင်ဆင်လုပ်ဆောင်ထားတဲ့သဘောမျိုး ဖြစ်အောင် ကျွန်တော့်အနေနဲ့ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း တင်သွင်းသော အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ဆွေးနွေးထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းလှိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးကျော်မင်းလှိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံး မင်္ဂလာပါ ခင်ဗျ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြိုင်မဲဆန္ဒနယ်က ဦးအောင်ခင်ဝင်းရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငွေကြေးသမိုင်းအစဟာ လူသားတို့အနေဖြင့် ၎င်းတို့လက်ဝယ်တွင်ရှိတဲ့ ပစ္စည်းများနှင့် ၎င်းတို့အလိုရှိသော ပစ္စည်းများကို အလဲအလှယ်ပြုရာမှ စတင်ခဲ့ပြီး ဝယ်ယူမှုတစ်ခု သို့မဟုတ် ရောင်းချမှုတစ်ခုခုတွင် ပေးချေရန်သတ်မှတ်ထားတဲ့ ကြားခံပစ္စည်းတစ်ခုပဲဖြစ်ပါတယ်။ စက္ကူငွေကြေးသမိုင်းမှာ Power Point မှာတင်ပြထားတဲ့အတိုင်း စတင်အသုံးပြုခဲ့ကြောင်း မှတ်တမ်းများအရ လေ့လာတွေ့ရှိရပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ဗဟိုဘဏ်များတည်ထောင်ပြီး ငွေဒင်္ဂါး၊ ငွေစက္ကူများကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ထုတ်ဝေလျက်ရှိပါတယ်။ ငွေစက္ကူရိုက်နှိပ်ထုတ်ဝေရာတွင် နိုင်ငံတိုင်းဟာ နိုင်ငံ့ရဲ့အခြေအနေ အချိန်အခါကိုလိုက်ပြီး ထင်ရှားတဲ့ လူပုဂ္ဂိုလ်တို့ရဲ့ရုပ်ပုံများ၊ နိုင်ငံ့ရဲ့သဘာဝရှုခင်းများ၊ ထင်ရှားတဲ့အဆောက်အဦများ၊ အထိမ်းအမှတ်များ၊ တိရစ္ဆာန်ပုံများကို အနုပညာရှင်များ၏ လက်ရာများဖြင့် ထုတ်ဝေလျက်ရှိကြပါတယ်။ မြန်မာနိုင်ငံ၌ မင်းတုန်းမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် ဒင်္ဂါးတွင် ဒေါင်းရုပ်ပုံ စတင်သွင်းလုပ်ခဲ့တဲ့အတွက် ဒေါင်းဒင်္ဂါးဟုအမည်တွင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက် ငွေကြေးအုပ်ချုပ်မှုအဖွဲ့က ၁၉၅၂ ခုနှစ်တွင် ပထမဦးဆုံး ငွေစက္ကူလေးမျိုးကို ကဒေါင်းပုံ၊ ခြင်္သေ့ပုံ၊ ရွက်လွှင့်ပုံ၊ ဗိုင်းငင်ပုံ၊ ဆင်သစ်ဆွဲနေပုံ၊ လယ်ထွန်နေသည့်ပုံများဖြင့် ထုတ်ဝေခဲ့ပါတယ်။ ၁၉၅၂ ခုနှစ် ငွေကြေးအုပ်ချုပ်မှုအဖွဲ့မှစတင်ကာ ၂၀၁၂ ခုနှစ်အထိ နှစ် ၆၀ ကာလအတွင်း ငွေစက္ကူရိုက်နှိပ်မှု ၁၉ ကြိမ်ရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်အထိ ထုတ်ဝေခဲ့သည့်ငွေစက္ကူများတွင် ဗိုလ်ချုပ်အောင်ဆန်းပုံများကို မျက်နှာစာတွင်ဖော်ပြခဲ့ကြောင်း တွေ့ရှိရပါတယ်။ လွတ်လပ်ရေးရပြီးနောက် ငွေစက္ကူစတင်ထုတ်ဝေစဉ်ကပင် လူပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံ၊ ဆရာစံနှင့် သခင်ဖိုးလကြီးတို့ရဲ့ပုံများကို ထည့်သွင်းဖော်ပြပေးခြင်းမှာ အထွဋ်အမြတ် တန်ဖိုးထားခြင်း၊ အသိအမှတ်ပြုခြင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရေးတို့အတွက် နောင်လာနောက်သားများ အားကျအတုယူစေရန်အတွက်ပဲ ဖြစ်ပါတယ်။ ဒါကို ခြင်္သေ့နှင့် ဆင်ဖြူတော်များကို ရိုက်နှိပ်ဖော်ပြခြင်းမှာ မြန်မာတိုင်းရင်းသားအားလုံးက မြတ်နိုးတန်ဖိုးထားပြီး နိုင်ငံတော်ရဲ့ အမှတ်လက္ခဏာတစ်ရပ်အနေဖြင့် အသိအမှတ်ပြုထားခြင်းကြောင့်ပဲဖြစ်ပါတယ်။ မည်သည့် အဖွဲ့အစည်းကိုမှ ကိုယ်စားပြုဖော်ပြခြင်းမဟုတ်ပါကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတကာတွင်လည်း

ငွေစက္ကူများရိုက်နှိပ်ရာတွင် နိုင်ငံ့ခေါင်းဆောင်များ၊ ထင်ရှားကျော်ကြားတဲ့လူပုဂ္ဂိုလ်တို့ရဲ့ပုံများကို ပုံနှိပ်ဖော်ပြမှုများရှိသော်လည်း ဖော်ပြခံရသူများဟာ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ အမျိုးသား ခေါင်းဆောင် လွတ်လပ်ရေးဗိသုကာအဖြစ် တစ်မျိုးသားလုံးက အသိအမှတ်ပြုခံထားရသူမဟုတ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ငွေစက္ကူများကို ကိုင်တွယ်မှု၊ သယ်ဆောင်မှု၊ ထိန်းသိမ်းမှု ပိုင်းမှာ လွန်စွာအားနည်းတာကို တွေ့ရမှာဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းရဲ့ဓာတ်ပုံ၊ ရုပ်ထု၊ နိုင်ငံသူနိုင်ငံသားများက အမြတ်တနိုးတန်ဖိုးထားဂုဏ်ပြုနေမှုကြောင့် သပ်ရပ်တင့်တယ်ပြီး လေးစားကြည်ညိုဖွယ်ဖြစ်နေသော်လည်း ငွေစက္ကူတွင်ရိုက်နှိပ်ဖော်ပြထားသည့် ဗိုလ်ချုပ်ပုံများကတော့ ကိုင်တွယ်ရာတွင် စနစ်ကျမှုမရှိခြင်း၊ ထားသိုမှု၊ သယ်ဆောင်မှုများတွင် အလေးထားမှုမရှိခြင်းများကြောင့် ဟောင်းနွမ်းမှေးမှိန်ပြီး စုတ်ပြဲနေတာကို စိတ်မကောင်းစွာ မြင်တွေ့ ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငွေကိုတန်ဖိုးထားသလို ငွေပေါ်မှာရှိတဲ့ အမျိုးသားရေး လက္ခဏာအဖြစ် ရိုက်နှိပ်ထားသည့်အရာများအပေါ်တွင်လည်း လေးစားတန်ဖိုးထားရန်လိုအပ်ပါတယ်။ ငွေစက္ကူအသစ်ကို ဒီဇိုင်းအသစ်ဖြင့် ရိုက်နှိပ်ထုတ်ဝေမည်ဆိုပါက လက်ရှိနိုင်ငံအတွင်း လှည့်လည် သုံးစွဲနေတဲ့ ငွေပမာဏနီးပါးပြည့်မီအောင် တဖြည်းဖြည်း အချိန်ယူအစားထိုး ဖြန့်ဝေသွားရမှာဖြစ်ပါ တယ်။ နှစ်စဉ်နိုင်ငံ့ဘဏ္ဍာငွေမှ ကျပ်ဘီလီယံချီ၍သုံးစွဲနေတဲ့ ငွေစက္ကူရိုက်နှိပ်ခများအပြင် ဒီဇိုင်းရေးဆွဲ ခများပါ ပိုမိုကုန်ကျလာမှာဖြစ်ပါတယ်။ ငွေကြေးစနစ်ကိုပုံဖော်ရာမှာ ငွေကြေးပေါ်ကအမှတ်တံဆိပ် များပြောင်းလဲခြင်းထက် ငွေကြေးတန်ဖိုးခိုင်မာအောင်လုပ်ခြင်းက ပိုပြီးအခြေခံကျကြောင်း တွေ့ရှိရပါ တယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ရဲ့စီးပွားရေးတိုးတက်မှုနှေးကွေးနေချိန်တွင် မဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံတကာနည်းတူ ဂုဏ်ပြုလိုခြင်း၊ လေးစားတန်ဖိုးထားလိုခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်မရှိကြောင်း ဆွေးနွေးလိုပါ တယ်။ ဒီနေရာမှာတစ်ခုဆွေးနွေးလိုတာကတော့ မူပိုင်ခွင့်ပဲဖြစ်ပါတယ်။ မူပိုင်ခွင့်ဆိုတဲ့ဝေါဟာရဟာ ကျွန်တော်တို့နိုင်ငံမှာတော့ မကြာမီကာလကမှ ရင်းနှီးကျွမ်းဝင်လာခဲ့တဲ့ စကားရပ်ပဲဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ အင်မတန်မှလေးစားတန်ဖိုးထားပြီး တိကျစွာလိုက်နာကြပါတယ်။ ဓာတ်ပုံ၊ ဝတ္ထု၊ ကဗျာ၊ သီချင်းများကို အသုံးပြုမယ်ဆိုပါလျှင် သက်ရှိထင်ရှားရှိပါက ကာယကံရှင်ကိုယ်တိုင်သော် လည်းကောင်း၊ သက်ရှိထင်ရှားမရှိပါက ၎င်းရဲ့အမွေဆက်ခံသူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုတဲ့ သူများရဲ့ သဘောတူခွင့်ပြုချက်ရမှသာ ပုံနှိပ်ခြင်း၊ ကူးယူခြင်း၊ သီဆိုခြင်းများ ဆောင်ရွက်ကြရပါတယ်။ သို့ဖြစ်ပါ၍ ငွေစက္ကူအပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းပုံကို ရိုက်နှိပ်ဖော်ပြလိုမှုဟာ လွှတ်တော်အတွင်း မှာ ဆွေးနွေးအတည်ပြုရုံဖြင့်မပြီးဘဲ အမွေဆက်ခံပိုင်ခွင့်ရှိသူများရဲ့ သဘောဆန္ဒဟာလည်း အရေးကြီး တဲ့တစ်ချက်ဖြစ်ကြောင်း ထောက်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ ရှည်လျားတဲ့သမိုင်းကြောင်းရှိခဲ့တာ ကြောင့် ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်များစွာ ပေါ်ထွန်းခဲ့ပါတယ်။ နောင်မှာ ငွေစက္ကူပေါ်တွင် လူပုဂ္ဂိုလ်ဆိုင်ရာရိုက်နှိပ်မှုနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်းမှာ မေးမြန်းမှုများ၊ တောင်းဆိုမှုများ ပြုလုပ်လာနိုင်ပါတယ်။ ဥပမာအားဖြင့် လွတ်လပ်ရေးရပြီးချိန်တွင် သမ္မတများဖြစ်တဲ့ သမ္မတကြီး စပ်ရွှေသိုက်နှင့် သမ္မတကြီးမန်းဝင်းမောင်တို့ပဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အားလုံးက

စဉ်းစားချင့်ချိန်ပြီးမှ ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ ငွေစက္ကူတစ်ခု ရိုက်နှိပ်ထုတ်ဝေရန် အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ မှာကြားခြင်း၊ ရိုက်နှိပ်ခြင်း၊ ကြိုတင်သိုလှောင်ခြင်းစတဲ့ ကြီးမားကျယ်ပြန့်တဲ့ လုပ်ငန်းစဉ်များရှိပါတယ်။ ထို့အပြင် အရေးကြီးဆုံးအချက်မှာ ငွေစက္ကူများရဲ့လုံခြုံရေးစနစ်နဲ့ ငွေကြေး ခိုင်မာမှုပဲဖြစ်ပါတယ်။ လုံခြုံမှုစနစ်မြင့်မားလေလေ စရိတ်စခပိုပြီးကုန်ကျလေဖြစ်ပါတယ်။ လက်ရှိ ငွေစက္ကူများမှာ အဆင့်မြင့်တဲ့လုံခြုံရေးစနစ်များထည့်သွင်းထားတဲ့အတွက် တုပမှုမှကာကွယ်နိုင်ခြင်း၊ လက်ရှိအခြေအနေမှာ ငွေစက္ကူအသစ်ထုတ်ဝေပါက ကျပ်ဘီလီယံများစွာ ကုန်ကျမှာဖြစ်ခြင်း၊ ဝိသမ စီးပွားရေးသမားများရဲ့ ဝါဒဖြန့်မှု၊ လှုံ့ဆော်မှု၊ ငွေကြေးဈေးကွက်ကစားမှုများကြောင့် ငွေကြေး ဖောင်းပွမှု ပိုမိုများပြားလာနိုင်ခြင်း၊ ပြည်သူများစီးပွားရေးပိုမိုကျပ်တည်းလာနိုင်ခြင်း၊ ပြည်တွင်းသုံး ငွေစက္ကူအပေါ် ပြည်တွင်းပြည်ပမှ ယုံကြည်မှုလျော့နည်းလာနိုင်ခြင်း၊ ဘတ်ဂျက်လိုငွေ များပြားလာနိုင် ခြင်း၊ ရိုက်နှိပ်ဖော်ပြသည့် ရုပ်ပုံနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ရှိနေခြင်းတို့ကြောင့် ငွေစက္ကူပုံစံသစ်ရိုက်နှိပ် ခြင်းကို နိုင်ငံ့ရဲ့စီးပွားရေးတည်ငြိမ်ကောင်းမွန်ပြီး နိုင်ငံတော်၏အခြေအနေအဘက်ဘက်က အောင်မြင်ချောမွေ့နေချိန်ကျမှသာ ဗဟိုဘဏ်ဥပဒေပုဒ်မ ၆၅၊ ပုဒ်မ ၆၆ တို့နှင့်အညီ ဆောင်ရွက်သင့် ပြီး လတ်တလောအခြေအနေအရ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားအတွက် မဆောင်ရွက် သင့်ပါကြောင်းနှင့် သေချာစွာသုံးသပ်ပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသာချို(ခ)ဦးတင်ကြိုင်(ရေနံချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာချို(ခ)ဦးတင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့် အကြောင်းအရာကတော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း အဆိုတင်သွင်းလာသော အနာဂတ်မြန်မာနိုင်ငံတွင် ပြည်သူအများသုံးစွဲနေသော ငွေစက္ကူတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံထည့်သွင်းအသုံးပြုရန်အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ၎င်းတို့နိုင်ငံများတွင် တိုင်းပြည်အတွက် စွန့်လွှတ်အနစ်နာခံခဲ့သော ခေါင်းဆောင်များ၏ရုပ်ပုံများအား နိုင်ငံသုံးငွေစက္ကူများတွင် ထည့်သွင်းရိုက်နှိပ်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံသုံးဒေါ်လာငွေစက္ကူတွင် ဂျော့ချ်ဝါရှင်တန်၏ပုံကိုလည်းကောင်း၊ အင်္ဂလန်နိုင်ငံသုံး ပေါင်စတာလင်ငွေတွင် ဝိတိုရိယဘုရင်မကြီးနှင့် ဂျော့ချ်ဘုရင်တို့၏ပုံပါရှိသည်ကို သိရှိရပြီး ကျွန်တော် တို့အိမ်နီးနားချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင်လည်း ၎င်းတို့၏ ခေါင်းဆောင်များ၏ပုံများရိုက်နှိပ်ထားသည်ကို သာဓကရှိပါတယ်။ ထို့အတူ ကျွန်တော်တို့မြန်မာနိုင်ငံ မှာလည်း ဗိုလ်ချုပ်အောင်ဆန်းပုံအား လွတ်လပ်ရေးပြီးကာစ ဖ.စ.ပ.လ ခေတ်တွင်လည်း ရိုက်နှိပ်ခဲ့ ဖူးပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင်လည်း ဗိုလ်ချုပ်အောင်ဆန်းပုံရိုက်နှိပ်ခဲ့ပြီးဖြစ်ပါတယ်။

ထိုသို့ရိုက်နှိပ်ခဲ့ပြီးသောပုံအား ယခုတစ်ဖန် အသစ်တစ်ဖန်ရိုက်နှိပ်မည့် ငွေစက္ကူများတွင်လည်း ထည့်သွင်းရိုက်နှိပ်သင့်ကြောင်းပြောကြားရင်း ဗိုလ်ချုပ်အောင်ဆန်းဘဝတစ်လျှောက် ဖြတ်သန်းခဲ့သော အကြောင်းအရာများ၊ ငယ်စဉ်ကျောင်းသားဘဝမှစ၍ပြောကြားမှာဖြစ်ပါတယ်။ အခုလိုပြောကြားရခြင်းက ဘာ့ကြောင့်လဲဆိုရင် ဗိုလ်ချုပ်အောင်ဆန်းဟာ ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်း အများသိရှိပြီးဖြစ်ပေမယ့် ဒီငွေစက္ကူရိုက်တဲ့နေရာမှာ ဒီအကြောင်းများကြောင့် ရိုက်နှိပ်သင့်ကြောင်းကို ကျွန်တော်ပြောကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက နတ်မောက်မြို့မှာမွေးဖွားခဲ့ပြီး ဆရာတော်ဦးသောဘိတကျောင်းမှာ မူလတန်းပညာသင်ကြားပြီး အလယ်တန်းနှင့်အထက်တန်းပညာအား ရေနံချောင်းမြို့ ရွှေကြာကုန်ရပ်ကွက်ရှိ အမျိုးသားအထက်တန်းကျောင်းတွင်။

**ဥက္ကဋ္ဌ**။ ။ ငွေစက္ကူအဆိုနဲ့တိုက်ရိုက်ပတ်သက်တာ ဆွေးနွေးပါ။ အဆိုနဲ့တိုက်ရိုက်ပတ်သက်တာပဲဆွေးနွေးပါ။ အဆိုနဲ့တိုက်ရိုက်မပတ်သက်တာမဆွေးနွေးပါနဲ့။

**ဥက္ကဋ္ဌ**။ ။ ဦးသာချို။ အဆိုနဲ့တိုက်ရိုက်ပတ်သက်တာကိုဆွေးနွေးပါ။ အဆိုနဲ့တိုက်ရိုက်ပတ်သက်ခြင်းမရှိတာကို ဆွေးနွေးခွင့်မရှိပါဘူး။ တိုက်ရိုက်ပတ်သက်တာပဲဆွေးနွေးပါ။

**ဦးသာချို (ရေနံချောင်းမဲဆန္ဒနယ်)**။ ။ ဒါ့ကြောင့်မို့လို့ ကျွန်တော် ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ အကြောင်းတွေကို အဆိုနဲ့ပတ်သက်တာ ငွေစက္ကူမှာထည့်သွင်းသင့်ကြောင်း နံပါတ်(၁) အချက် ဗိုလ်ချုပ်အောင်ဆန်းဟာ ကျောင်းသားခေါင်းဆောင်ဖြစ်ခဲ့တယ်ဆိုတဲ့အကြောင်း ဒီဥစ္စာက ဘာကြောင့်ဖြစ်ခဲ့သလိုဆို ရန်ကုန်တက္ကသိုလ်ကျောင်းသား သကမဂမှ ဥက္ကဋ္ဌဖြစ်ခဲ့လို့ပါ။ နံပါတ်(၂) ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ရဲ့ဖခင်ဖြစ်ခဲ့ပါတယ်။ ဘာကြောင့် တပ်မတော်ရဲ့ဖခင်ဖြစ်ခဲ့သလဲဆိုတော့ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက် ကျွန်တော်တို့ စနေနေ့မနက်မှာ VIA ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ဗမာ့တပ်မတော်ကိုစတင်ဖွဲ့စည်းခဲ့တဲ့အတွက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ရဲ့ဖခင်ဖြစ်ခဲ့ပါတယ်ခင်ဗျ။ ဒါကြောင့်မို့လို့ ငွေစက္ကူမှာထည့်သွင်းတယ်ဆိုတဲ့အကြောင်းကို ပြောကြားရခြင်း ဖြစ်ပါတယ်။ နံပါတ်(၃)ကတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးဗိသုကာ ဖြစ်ခဲ့ပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့လို့ ဖြစ်ပါတယ်။ နံပါတ်(၄)အချက်ကတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါကလည်း ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ပင်လုံညီလာခံကိုခေါ်ပြီးတော့ ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ၎င်းအချက်ချက်တွေကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ ကျောင်းသားခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့သလို၊ လွတ်လပ်ရေးဗိသုကာတစ်ယောက်လည်းဖြစ်ခဲ့သလို၊ အမျိုးသားခေါင်းဆောင် တပ်မတော်၏ဖခင်ဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ ဝိသေသတွေနဲ့ညီခဲ့ပါတယ်။ ထိုအကြောင်းကြောင်းများကြောင့် မြိုင်မဲဆန္ဒနယ် ဦးအောင်ခင်ဝင်း တင်သွင်းလာတဲ့ နောင်အနာဂတ်ကာလမှာ ဗိုလ်ချုပ်ရဲ့ပုံကို

ထည့်သွင်းရိုက်နှိပ်သင့်တယ်ဆိုတဲ့အကြောင်းကို လေးလေးနက်နက်ထောက်ခံတင်ပြခြင်း ဖြစ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစာအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းတင်သွင်းသွားတဲ့ ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန် ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ တကယ်တော့ အဆိုရှင်ရဲ့ဆိုလိုရင်းဟာ ရိုးရိုးနှင့်ရှင်းရှင်းလေးပါ။ လက်ရှိသုံးစွဲနေတဲ့ ငွေစက္ကူတွေကို ဖျက်သိမ်းပစ်ဖို့မဟုတ်ဘဲနဲ့ ရှေ့အနာဂတ်ကာလမှာ အသစ်ထုတ်ဝေမယ့်ငွေစက္ကူတွေကို ဗိုလ်ချုပ်အောင်ဆန်းပုံနှင့်ထုတ်ဝေပေးဖို့ တိုက်တွန်းထားခြင်းဖြစ်ပါတယ်။ ဘာကြောင့် ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ထုတ်သင့်သလဲ ဗိုလ်ချုပ်အောင်ဆန်းဟာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာကတော့ ရှေ့ကလွှတ်တော်ကိုယ်စားလှယ်ကြီးတွေနဲ့ အဆိုရှင်တို့ဆွေးနွေးသွားခဲ့သလို နိုင်ငံတစ်ဝန်းမှာရှိတဲ့ပြည်သူတွေတင်သာမကပဲနဲ့ ကမ္ဘာကပါသိနေလို့ ကျွန်တော့်အနေနဲ့ အကျယ်တဝင့်မပြောလိုတော့ပါဘူး။ အဲဒီလို ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် အသစ်ထုတ်ဝေမယ့်ငွေစက္ကူတွေကို ရိုက်နှိပ်ထုတ်ဝေလိုက်လို့လည်း ဗဟိုဘဏ်ဥပဒေရဲ့အခန်း(၂)ပါ ရည်ရွယ်ချက်တွေနဲ့ ရည်မှန်းချက်တွေကို ထိခိုက်သွားမှာမဟုတ်ပါဘူး ခင်ဗျား။ အဲဒီဥပဒေရဲ့ ပုဒ်မ ၇ မှာဆိုရင် ဗဟိုဘဏ်သည် မိမိ၏ အဓိကရည်မှန်းချက်နှင့် ရည်ရွယ်ချက်များအောင်မြင်စေရန် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိအား အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာကျင့်သုံးနိုင်သည်လို့ ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ အဲဒီလိုပဲ အခန်း(၆)မှာဆိုရင် ဗဟိုဘဏ်၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ပုဒ်မ ၄၀ ပုဒ်မခွဲ (င) မှာဆိုရင် ပြည်တွင်းသုံးငွေကို တစ်ဦးတည်းထုတ်ဝေသူအဖြစ် ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း အဲဒီလိုပါရှိပြီး ပုဒ်မ ၆၂ မှာဆိုရင် ဗဟိုဘဏ်ကသာလျှင် ငွေစက္ကူနှင့်ဒင်္ဂါးများကို ထုတ်ပိုင်ခွင့်ရှိသည်။ ဗဟိုဘဏ်ကထုတ်ဝေသော ငွေစက္ကူနှင့်ဒင်္ဂါးများသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် တရားဝင်ငွေကြေးအဖြစ် တည်ရှိစေရမည်လို့ ပါရှိပါတယ်။ ကျွန်တော်တို့ ထုတ်လိုက်တဲ့ငွေစက္ကူတွေမှာ ခြင်္သေ့ပုံနှင့်ပဲထုတ်ထုတ်၊ ဆင်ပုံနှင့်ပဲထုတ်ထုတ်၊ ဒေါင်းပုံနှင့်ပဲထုတ်ထုတ်၊ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့်ပဲထုတ်ထုတ်၊ ဗဟိုဘဏ်ကထုတ်လုပ်တဲ့ငွေစက္ကူတွေဟာ အတည်ဖြစ်မှာဖြစ်ပါတယ်။ ဒီဥပဒေရဲ့ အခန်း (၉)မှာဆိုလို့ရှိရင် ပြည်တွင်းသုံးငွေထုတ်ဝေခြင်းအပိုင်းမှာဆိုရင် ပုဒ်မ ၆၅ မှာ ဗဟိုဘဏ်သည် ငွေစက္ကူနှင့်ငွေဒင်္ဂါးများ၏ တန်ဖိုး၊ အပြင်အဆင်၊ ဖွဲ့စည်းပါဝင်သည့်ဝတ္ထုပစ္စည်းနှင့် အခြားခွဲခြားနိုင်တဲ့ လက္ခဏာများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်လို့ ပြဋ္ဌာန်းပါရှိသလို ပုဒ်မ ၆၆ မှာဆိုရင်လည်း ဗဟိုဘဏ်သည် မည်သည့်ငွေစက္ကူအမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန်

လိုအပ်ပါက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက် အခြေအနေကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရ မည်လို့ပြဋ္ဌာန်းပါရှိကြောင်း အဆိုရှင်နှင့် ရှေ့ကလွှတ်တော်ကိုယ်စားလှယ်အချို့ ကလည်း ဆွေးနွေးတင်ပြခဲ့ပါတယ်။ ဒါကြောင့် အဆိုရှင်တင်ပြသွားသလိုပဲ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် ငွေစက္ကူအသစ် ထုတ်မယ်ဆိုလို့ရှိရင် ဗဟိုဘဏ်ဥပဒေပုဒ်မ ၆ အရ ငွေစက္ကူရဲ့အပြင်အဆင် ဖွဲ့စည်းပုံ နှင့် ပါဝင်မှုတွေကို ဗဟိုဘဏ်ကနေပြီးတော့ အစိုးရအဖွဲ့ရဲ့သဘောတူညီမှုနှင့်ရယူပြီးတော့ ပုဒ်မ ၆၆ အရ ဆောင်ရွက်မှုအခြေအနေကို ကျွန်တော်တို့ အနီးစပ်ဆုံးကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ တင်ပြပြီးတော့ အတည်ပြုချက်ရယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၆ ပုဒ်မခွဲ(င)မှာဆိုရင် တရားဝင်ထုတ်ဝေထားသော ငွေကြေးများကို တရားမဝင် ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါတယ်။ ယခု အဆိုရှင်တင်ပြ ထားတာကတော့ ထုတ်ဝေထားတဲ့ငွေကြေးတွေကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်စေလိုခြင်း မဟုတ်တဲ့အတွက် ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ကွဲလွဲခြင်းမရှိတဲ့အတွက် ဥပဒေနှင့် လည်း ညီညွတ်ပြီးဖြစ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ တင်ပြဆွေးနွေးလိုတာကတော့ အဆိုရှင် တင်ပြခဲ့သလို ရှေ့လာမည့်အနာဂတ်ကာလတွေမှာ ငွေစက္ကူတွေကို အသစ်ထုတ်မယ်ဆိုရင် ဗိုလ်ချုပ် အောင်ဆန်းပုံတွေနှင့် ထုတ်ဝေလိုက်လို့လည်း ငွေကြေးမူဝါဒနှင့် ငွေရေး၊ ကြေးရေးစနစ်တည်ငြိမ်မှု မူဝါဒများချမှတ်ဆောင်ရွက်မှုနှင့် ဗဟိုဘဏ်ရဲ့ရည်မှန်းချက်နှင့် ရည်ရွယ်ချက်တွေကို ထိခိုက်နိုင်ခြင်း မရှိတဲ့အတွက် အဆိုရှင်ရဲ့အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် အဆိုရှင် မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်းရဲ့အဆိုကို အချက်သုံးချက်ဖြင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ လေးနက်စွာ ပန်ကြားလိုတာက ကျွန်မတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာ ပြည်သူက ရွေးကောက်တင်မြှောက်ထားတဲ့သူတွေဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ တိုင်းပြည်နှင့် လူမျိုး ထိခိုက်နစ်နာစေမယ့်၊ အကြပ်အတည်းဖြစ်စေမယ့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမှ မရည်ရွယ်၊ မပြုမူဘူးဆိုတာပါပဲရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ပထမအချက်အနေဖြင့် အဆိုကိုထောက်ခံရခြင်းဟာ အဆိုရဲ့ဆိုလိုရင်းနှင့် အနှစ်သာရကြောင့်ဖြစ်ပါတယ်ရှင့်။ ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများလို့ ဆိုတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လက်တွေ့ကျပြီးတော့မှ အမှန်တကယ်အကောင် အထည်ဖော်ဆောင်ရွက်နိုင်မယ့် တိုက်တွန်းမှုဖြစ်ပါတယ်ရှင်။ ဒီအတွက် ကုန်ကျစရိတ်အထိုက် အလျောက်ရှိမယ်ဆိုတာကိုတော့ လက်ခံပါတယ်။ ဒီအခါမှာ ကျွန်မတို့ လေးလေးနက်နက်စဉ်းစား ဆင်ခြင်ရမှာက ယနေ့ ကျွန်မတို့ပြည်တွင်းမှာ လှည့်လည်သုံးစွဲနေတဲ့ငွေစက္ကူတွေဟာ တစ်ချိန်ချိန်မှာ

လျှော့နည်းသွားခြင်း၊ နိုင်ငံတော်၏ဘတ်ဂျက်လိုငွေ အဆမတန်တိုးတက်များပြားလာခြင်းကြောင့် လုံခြုံရေးအဆင့်အရ တိုးမြှင့်ခြင်းတို့အတွက် အသစ်ရိုက်နှိပ်ထုတ်ဝေရတာဖြစ်ပေမဲ့ ဒီအဆိုရဲ့ ဆိုလိုရင်းက လည်ပတ်စီးဆင်းနေတဲ့ငွေကြေးတစ်စုံတစ်ရာအပေါ်မှာ နစ်နာဆုံးရှုံးမှုဖြစ်စေမှာမဟုတ်ဘဲ လက်တွေ့ကျကျလုပ်ဆောင်လျက်ရှိတဲ့ ယန္တရားရဲ့အစိတ်အပိုင်းတစ်ခုကို ပြုပြင်သင့်တဲ့အခါမှာ အစားထိုးပြုပြင်လုပ်ဆောင်ရန် တိုက်တွန်းခြင်းသာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ကျွန်မတို့ပြည်သူ အများ စိုးရိမ်ပူပန်နေတဲ့ ငွေကြေးဖောင်းပွမှုရဲ့နောက်ဆက်တွဲဆိုးကျိုးများကို တိုက်ရိုက်သက်ဆိုင်တဲ့ တိုက်တွန်းမှုအဆိုမဟုတ်ဘူးဆိုတာပါပဲရှင်။ ဒါကြောင့် အနှစ်သာရအပိုင်းအရ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ဖြစ်တဲ့အတွက် လေးနက်စွာ ထောက်ခံရခြင်းဖြစ်ပါတယ်ရှင့်။ ထို့အတူပဲ ကျွန်မတို့ မူပိုင်ခွင့်ဆိုတဲ့ ကိစ္စရပ်မျိုးတွေနဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင် ကျွန်မတို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ချစ်လှစွာသော သမီးဖြစ်တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် သက်ရှိထင်ရှားရှိနေစဉ်ကာလအတွင်းမှာ မဖြစ်မနေ လုပ်ဆောင်ရမယ့် ကိစ္စရပ်တစ်ခုဖြစ်တဲ့အတွက်ကြောင့်မို့လို့လည်း လေးနက်စွာထောက်ခံအပ် ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ဒုတိယအချက်အနေဖြင့် ဗဟိုဘဏ်ရဲ့အခန်းကဏ္ဍကို ဆွေးနွေးလိုပါတယ်ရှင့်။ ကျွန်မတို့နိုင်ငံမှာ ၂၀၁၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကို ခေတ်စနစ်နှင့် ကိုက်ညီစေဖို့အတွက် အခန်း(၁၇) ခန်း၊ ပုဒ်မပေါင်း ၁၂၁ ခုဖြင့် ပြဋ္ဌာန်းထားပြီးတော့ နိုင်ငံရဲ့အဓိက သွေးကြောဖြစ်တဲ့ ငွေကြေးမူဝါဒရည်မှန်းချက်နဲ့ နည်းဗျူဟာတွေကိုရေးဆွဲကာ စနစ်တကျအကောင် အထည်ဖော်ဆောင်ရွက်ရတဲ့ ပင်မအဖွဲ့အစည်းဖြစ်သလို ဆောင်ရွက်ချက်အစီရင်ခံစာတွေကိုလည်း နှစ်စဉ် ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်ကြီးကို အစီရင်ခံစာတင်သွင်းပြီးတော့မှ ဥပဒေပြုရေးမဏ္ဍိုင် ဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ကြီးမှလည်း အပြန်အလှန်ထိန်းကျောင်းလျက်ရှိပါတယ်ရှင်။ ထို့အတူပဲ အခန်း(၆) ဗဟိုဘဏ်ရဲ့လုပ်ငန်းတာဝန်ရဲ့ လုပ်ပိုင်ခွင့်များ။ ပြည်တွင်းသုံးငွေကို တစ်ဦးတည်းထုတ်ဝေ သူအဖြစ် ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ပုဒ်မ ၆၄၊ ၆၅၊ ၆၆ တို့မှာ ငွေစက္ကူ ဒင်္ဂါးများနဲ့ပတ်သက် ပြီးတော့ ပုံသဏ္ဌာန်အဆင်အပြင်ပြောင်းလဲခြင်း၊ ထုတ်ဝေခြင်း၊ သိုလှောင်ခြင်း၊ ပျက်စီးခြင်းတို့အတွက် ပြဋ္ဌာန်းထားသလိုပဲ ပြည်တွင်း၌ လှည့်လည်သုံးစွဲလျက်ရှိတဲ့ ဟောင်းနွမ်း၊ ဆုပ်ပြဲ၊ ချို့ယွင်းငွေစက္ကူတွေ ကို ကုန်ကြမ်းအဖြစ်အသုံးပြုပြီး စက္ကူပြန်လည်ထုတ်လုပ်ရန်အတွက် စက္ကူစက်ရုံများကိုလည်း ပုလိပ် မြို့နှင့် ရွှေပြည်သာစက်ရုံတို့မှာ တည်ဆောက်ထားပြီးဖြစ်တယ်လို့ သိရှိရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံရဲ့ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒများဟာ အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်ပါမှ ကျွန်မတို့ စိုးရိမ်ပူပန်တဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဝန်ကြီးဌာနအချင်းချင်း ချိတ်မှုအားကောင်းရန်လည်း အထူးလိုအပ်လှပါတယ်ရှင်။ ထို့အတူ ယနေ့ ငွေကြေးဖောင်းပွမှုများရဲ့လားရာဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ဘတ်ဂျက်လိုငွေအား ၄၀ ရာခိုင်နှုန်းဖြည့်ဆည်းရန် လျာထားသော်လည်း ရှေ့ပြေးအမှန်စာရင်းအရ ၉၁.၆ ရာခိုင်နှုန်း ဗဟိုဘဏ်မှ ဖြည့်ဆည်းပေးခဲ့ရတာဖြစ်တယ်ဆိုတာကို လည်း သတိပြုရမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ တတိယအချက်အနေဖြင့် အနာဂတ်မျိုးဆက်သစ်များနှင့် နိုင်ငံတော်အကျိုးကို ရှေးရှုပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရှေ့မှ အဆိုရှင်မှစလို့ ကိုယ်စားလှယ်တော်ကြီးများဟာ ဗိုလ်ချုပ်ပုံပါ ငွေစက္ကူများ ဘာကြောင့်ရိုက်နှိပ်ထုတ်ဝေသင့်တယ်ဆိုတာကို ဗိုလ်ချုပ်ရဲ့စွမ်းဆောင်ရည်နဲ့ ဂုဏ်အမှတ်သညာတွေကို ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူပဲ သမိုင်းသိတဲ့နိုင်ငံသားတိုင်းကလည်း အောက်မေ့သတိတရရှိပြီးတော့မှ ငွေစက္ကူမှာ ဗိုလ်ချုပ်ရဲ့ရုပ်ပုံလွှာနှင့် အသိအမှတ်ပြုမှုကို ကြိုဆိုထောက်ခံနေကြမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ကတော့ ယနေ့ မျက်မှောက်ခေတ်နိုင်ငံရေးစနစ်မှာ ဆွေးနွေးနေရတဲ့အခြေ၊ အခြေတည်နေရတဲ့အခြေအနေ၊ အကြောင်းတရားတွေဟာ ဗိုလ်ချုပ်က အစပြုခဲ့တဲ့အရာတွေဖြစ်သလို နှစ်ကာလတစ်ခု လွန်မြောက်သွားပေမဲ့ အစပြုခဲ့တဲ့အရာတစ်ခု အောင်မြင်ဖြစ်ထွန်းဖို့ရာ ဘာတွေက အဟန့်အတားဖြစ်နေသလဲ။ ဘာတွေကို ဘယ်လိုပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်ဆိုတာ ဆန်းစစ်ပြီး ရှေ့ဆက်စေချင်တဲ့စိတ်နဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့အားလုံးသိတဲ့အတိုင်း ဒီနေ့၊ ဒီအချိန်ကာလဟာ လွတ်လပ်စွာ ဆွေးနွေးဝေဖန်အကြံပြုခွင့်တွေရနေတာဟာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်စုတစ်ဖွဲ့ကောင်းကြောင့်သာမကဘဲ အားလုံးညီညွတ်စွာ ပူးပေါင်းညီညွတ်အားနဲ့ တွန်းရွှေ့ခဲ့တဲ့မှတ်တိုင်တစ်ခုကြောင့်ဆိုတာပါပဲရှင့်။ ထို့အတူပဲ ဗိုလ်ချုပ်ဆိုတာ တစ်ဦး၊ တစ်ယောက်၊ တစ်စု၊ တစ်ဖွဲ့ရဲ့ကိုယ်စားပြုပြုရုပ်မဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံလုံးနဲ့သက်ဆိုင်တဲ့ အမျိုးသားခေါင်းဆောင် ပုဂ္ဂိုလ်ထူးတစ်ယောက်ပဲဖြစ်ပါတယ်ရှင်။ ဒါကိုက ဗိုလ်ချုပ်ကို သတိတရအောက်မေ့ရမယ့်အကြောင်းအရင်း အခြေခံအကြောင်းအရင်းတစ်ရပ်ပဲဖြစ်ပါတယ်။ သူ့ကျွန်ဘဝကနေတောင် လွတ်မြောက်နိုင်ခဲ့တဲ့ ဒီကြီးမားတဲ့စွမ်းအားကို ကျွန်မတို့ အခုအချိန်အခါမှ သတိတရနဲ့ အသုံးမချနိုင်ရင် နောင်အနာဂတ်မျိုးဆက်တွေနဲ့ တိုင်းပြည်အတွက် အလွန်အင်မတန်မှ ရင်လေးစရာကောင်းပါတယ်ရှင်။ ဗိုလ်ချုပ်ရဲ့စိတ်ဓာတ်၊ စွမ်းဆောင်ရည်နဲ့ ဖြတ်သန်းခဲ့တဲ့မှတ်တိုင်များဟာ လူငယ်၊ လူရွယ်၊ လူလတ်နဲ့ သက်ကြီးရွယ်အိုများပါမကျန် အသိအမှတ်ပြု၊ အတုယူရမယ့်အရာတွေဆိုတာ မလွဲပါဘူးရှင်။ ဒီနေ့လို့စနစ်ပြောင်း တော်လှန်ရေးကို ကျွန်မတို့ စုပေါင်းအားနဲ့ တွန်းတိုက်နေရတဲ့အခါသမယမှာ လမ်းလွဲလိုက်ပြီးတော့မှ သူတလူ၊ ငါတမင်းစိတ်ဓာတ်နဲ့ ရှေ့ဆက်နေမယ့်အစား ဗိုလ်ချုပ်ကအစပြုခဲ့တဲ့ ညီညွတ်ခြင်းစိတ်ဓာတ်၊ စုစည်းညီညာတဲ့စိတ်ဓာတ်နဲ့ ကျွန်မတို့ တိုင်းနိုင်ငံကို ထူထောင်ဖို့ရာ အချိန်အခါကျပြီဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဗိုလ်ချုပ်ရဲ့ဂုဏ်၊ ဗိုလ်ချုပ်ရဲ့ စွမ်းဆောင်ရည်တွေကို အောက်မေ့သတိရပြီးတော့ ကျွန်မတို့ နိုင်ငံတော်ရဲ့ ငွေစက္ကူမှာ ရိုက်နှိပ်ဂုဏ်ပြုထုတ်ဝေသင့်ပါသောကြောင့် လေးနက်စွာထောက်ခံရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။ (ဩဘာသံများ)

**ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိုးမင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံတော်မူကြပါစေ။ ကျွန်တော်ကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးအောင်ခင်ဝင်းရဲ့ ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ် တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများ ရိုက်နှိပ်ထုတ်ဝေရန်ဆိုတဲ့အဆိုကို ပြန်လည်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဒီအဆိုဟာ အငြင်းမဲ့အဆိုဖြစ်ကြောင်း တင်ပြလိုပါတယ်။ နောက် အကိုးအကားတွေနဲ့ အားလုံးထောက်ခံကြတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဖွဲ့စည်းပုံ အခြေခံမူများမှာလည်း ဖော်ပြထားတာတွေလည်း အားလုံးသိပြီးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ ဥပဒေ၊ အဓိကရည်မှန်းချက်၊ ရည်ရွယ်ချက် ပုဒ်မ ၅၊ ၆။ လွတ်လပ်စွာလုပ်ပိုင်ခွင့် ပုဒ်မ ၇ စသည်တို့ကိုလည်း အားလုံးကိုးကားပြီး ဖော်ပြသွားတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အထူး တင်ပြစရာမရှိပါဘူး။

ငွေစက္ကူထုတ်ဝေခြင်းနဲ့ပတ်သက်လို့ ပုဒ်မ ၆၂ မှာကိုက ဗဟိုဘဏ်ကသာလျှင် ငွေစက္ကူနှင့် ဒင်္ဂါးများထုတ်ပိုင်ခွင့်ရှိသည်။ ဗဟိုဘဏ်ကထုတ်သော ငွေစက္ကူနှင့် ဒင်္ဂါးများသည် နိုင်ငံတော် တစ်ဝန်းလုံးတွင် တရားဝင်ငွေအဖြစ် တည်ရှိစေရမည်ဟု ပြဋ္ဌာန်းထားတဲ့အတွက် ငွေစက္ကူထုတ်ဝေခြင်း ကိစ္စဟာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့တာဝန်ဖြစ်ပါတယ်။ အဆိုတင်ပြထားတဲ့အထဲမှာ ငွေစက္ကူပုံစံ သစ်များ ထုတ်ဝေရာတွင် ငွေစက္ကူအရည်အသွေးပိုမိုကောင်းမွန်စေရန်၊ အတုအပပြုလုပ်ခြင်းမှ ကာကွယ်နိုင်ရန်၊ လုံခြုံရေးအဆင့်အတန်းမြှင့်တင်ရန် လိုအပ်မှုအခြေအနေများအရ ထုတ်ဝေရခြင်း ဖြစ်တဲ့အတွက် အဆိုရှင်တင်ပြသလို အချိန်ကာလပုံမှန်သတ်မှတ်ပြီးတော့ ပြောင်းလဲထုတ်ဝေတာ မဟုတ်ဘူးဆိုတာတော့ ရှင်းလင်းတင်ပြလိုပါတယ်။ ပုံစံသစ်ငွေစက္ကူများနှင့်ပတ်သက်ပြီးတော့လည်း ပုဒ်မ ၆၅၊ ၆၆ တို့ကို အားလုံးထောက်ခံတင်ပြထားပြီးဖြစ်တဲ့အတွက် အထူးမတင်ပြတော့ပါဘူး။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အမည်အမျိုးမျိုးပြောင်းလဲပြီးတော့ ငွေစက္ကူ ထုတ်ဝေတာကိုတော့ ငွေစက္ကူထုတ်ဝေတဲ့ပုံများကို Power Point နဲ့ ရှင်းလင်းတင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ ဒါကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ထုတ်ဝေခဲ့တဲ့ ငွေစက္ကူများ ဖြစ်ပါတယ်။ နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ထုတ်ဝေခဲ့တဲ့ ငွေစက္ကူများ ဖြစ်ပါတယ်။ ဒီဟာကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူ့ဘဏ်အနေနဲ့ ထုတ်ဝေခဲ့တဲ့ ငွေစက္ကူများဖြစ်ပါတယ်။ ဒါကတော့ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်အနေနဲ့ ထုတ်ဝေခဲ့တဲ့ ငွေစက္ကူ များဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်အနေနဲ့ ထုတ်ဝေခဲ့တဲ့ငွေစက္ကူများမှာလည်း ဗိုလ်ချုပ်

အောင်ဆန်းပုံနဲ့ ထုတ်ဝေခဲ့တာတွေကို တွေ့ရှိရမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ထုတ်ဝေခဲ့တဲ့ငွေစက္ကူများကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမည်နဲ့ငွေစက္ကူများထုတ်ဝေခဲ့ရာမှာ အခုအချိန်အထိ တရားဝင်တည်ရှိနေဆဲကတော့ အသုံးများတဲ့ ၂၀၀ တန်မှာ ဒီဇိုင်းကပုံစံနှစ်မျိုး အကြီးနဲ့ အသေး၊ ၅၀၀ တန်မှာ ပုံစံနှစ်မျိုး၊ ၁၀၀၀ တန်မှာ ပုံစံနှစ်မျိုး၊ ၅၀၀၀ တန်မှာ ပုံစံနှစ်မျိုး၊ ၁၀၀၀၀ တန်မှာ ပုံစံနှစ်မျိုးရှိနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကိုတော့ ကိုယ်စားလှယ်တော်ကြီးများနဲ့ အများသိရှိနိုင်အောင် တင်ပြခြင်းသာလျှင် ဖြစ်ပါတယ်။ တကယ်တမ်း ကကျတော့ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်ဝေခြင်းဟာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ တာဝန်ဖြစ်တဲ့အတွက် အားလုံးတင်ပြသွားသလိုပဲ ကျွန်တော်တို့မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့လည်း ရှေ့အနာဂတ်မှာ ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများအပေါ် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများနှင့် ရိုက်နှိပ်ထုတ်ဝေ ရန်ဆိုတာဟာ တကယ်တန်းတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ သဘောထားနဲ့လည်း တစ်ထပ်တည်း ဖြစ်ပါတယ်။ အပြစ်မဲ့အဆိုလည်း ဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ပြည်ထောင်စု အစိုးရရဲ့လမ်းညွှန်ချက်နဲ့အညီ၊ ဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ထောက်ခံတင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော် ဒီနေရာမှာ ရှင်းအောင် မေးပါမယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထောက်ခံတင်ပြတယ်ဆိုလို့ ဒီဟာ ရှင်းအောင်မေးတာပါ။ လွှတ်တော်မှာ အဆိုတစ်ခုကို အတည်ပြု မယ်။ အတည်မပြုဘူး။ မှတ်တမ်းတင်မယ်။ မှတ်တမ်းတင်စောင့်ကြည့်မယ်။ ဒီလိုလုပ်ထုံးလုပ်နည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ထောက်ခံတယ်ဆိုတာတော့ ဘာကိုပြောတယ်ဆိုတာ ကျွန်တော် နားလည် ပါတယ်။ သို့သော်လည်း လွှတ်တော်ရဲ့လုပ်ထုံးလုပ်နည်းအတိုင်း အတိအကျဖြစ်အောင်လို့ ကျွန်တော် မေးပါမယ်။ ဒီအဆိုကို အတည်ပြုမှာလား။ အတည်မပြုဘူးလား။ မှတ်တမ်းတင်မှာလား။ ဗဟိုဘဏ် အနေနဲ့ ရှင်းအောင်ဖြေပေးပါ။

**ဦးစိုးမင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စောစောက တင်ပြသလိုပဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ သဘောထားနဲ့ခံယူချက်ဟာ အဆိုရှင်ရဲ့အဆို နဲ့ တစ်သဘောတည်းဖြစ်တဲ့အတွက် အတည်ပြုဖို့အတွက် ထောက်ခံတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ အခုလို ငွေစက္ကူများအပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းပုံများ ရောက်ရှိရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေး ပါသော၊ အကြံပြုဆွေးနွေးပေးပါသော ကိုယ်စားလှယ်များအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ အဆိုကို အတည်ပြုပေးသင့်ကြောင်း သဘောထားမှတ်ချက်ပေးပါသော ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌကို လည်း ဂုဏ်ယူလေးစားပါတယ်။ အဆိုရှင်ရဲ့သဘောကတော့ ကျွန်တော်တို့ ၃၈ ဖြာ မင်္ဂလာတရားတော် နှင့်အညီဖြစ်စေရန်၊ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးလည်း ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံသွားအောင် ကျွန်တော့်အဆိုကို အတည်ပြုပေးပါလို့ လွှတ်တော်ကို တင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ကိုးဦးက ဆွေးနွေးပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အဆိုအား အတည်ပြုသင့်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြား ခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရပြီ။

**(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဒီအဆိုဟာ လတ်တလောအခြေအနေအရ ကန့်ကွက်ပါ တယ်။ မှတ်တမ်းအဖြစ်သာ ထားသင့်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူရှိပါတယ်။ တစ်ယောက်ပဲလား။ အခုနက ကန့်ကွက်တဲ့ တစ်ဦးပဲလား။ ကန့်ကွက်တဲ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးပဲလား။ ညွှန်ကြားရေးမှူးချုပ် ရေတွက်ပေးပါ။ မြန်မြန်လေး ရေလိုက်ပါ။

**အခမ်းအနားမှူး**။ ။ တပ်မတော်သား ၁၀၈ ယောက်။

**ဥက္ကဋ္ဌ**။ ။ ၁၀၈ ယောက်။

**အခမ်းအနားမှူး**။ ။ ကန့်ကွက်သူတစ်ယောက်။ ၁၀၉ ယောက်။

**ဥက္ကဋ္ဌ**။ ။ ၁၀၉ ယောက်။ ကျန်တာအားလုံး အတက်ဘယ်လောက်လဲ။ ကျန်တာ ထောက်ခံတာပေါ့။ အားလုံး အတက်ဘယ်လောက်လဲ။

**အခမ်းအနားမှူး**။ ။ ၂၈၆။

**ဥက္ကဋ္ဌ**။ ။ ၂၈၆။ ထိုင်ပါ။ ကန့်ကွက်ဆန္ဒမဲ ၁၀၉ မဲရှိပါတယ်။ တက်တဲ့ကိုယ်စားလှယ် ဦးရေနဲ့ တွက်လို့ရှိရင် ၂၈၆ က ထောက်ခံတဲ့သဘောရှိပါတယ်။ သို့သော် ကျွန်တော် ရှင်းအောင် မေးပါမယ်။ ကြားနေဆန္ဒမဲရှိရင် မတ်တပ်ရပ်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ထောက်ခံဆန္ဒမဲ ၂၈၆ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၀၉ မဲ၊ ကြားနေဆန္ဒမဲမရှိ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးအောင်ခင်ဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၂း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ (၁၇.၁၁.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးမြင့်ဟန်ထွန်း
(ဘုတလင် မဲဆန္ဒနယ်)



ဒေါက်တာ ခင်စိုးစိုးကြည်
(ပြည် မဲဆန္ဒနယ်)



ဦးသက်နောင်
(လဟယ် မဲဆန္ဒနယ်)




ဦးခွန်သန်းထူး
( ဆီဆိုင် မဲဆန္ဒနယ်)



ဒေါ်နီနီမေမြင့်
(တောင်ကုတ် မဲဆန္ဒနယ်)



ဒေါ်တင်တင်ရီ
(ကျွန်းစု မဲဆန္ဒနယ်)



ဦးခင်မောင်ချို (ဝန်ကြီး)
စက်မှုဝန်ကြီးဌာန



ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး)
ပညာရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်